ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 9 September 2017 (၉၀၄၂)

# မြန်မာ-ဖိလစ်ပိုင် ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Hon. Jose de Venecia အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ International Association of Parliamentarians for Peace (IAPP) မူဘောင်အောက်မှ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့်အတူ ၎င်း၏ဇနီး အောက်လွှတ်တော်အမတ်ဟောင်း Hon. Gina de Venecia နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Hon. Jose de Venecia အား လက်ခံတွေ့ဆုံစဉ်။

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးရေး ဆွေးနွေး

စာမျက်နှာ » ၃

## မောင်တောဒေသသို့ စားနပ်ရိက္ခာများ ပို့ဆောင်ရာတွင် အသုံးပြုရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကား ၁၀ စီး လှူဒါန်း

စာမျက်နှာ » ၉

## မက္ကဆီကိုတွင် ရစ်ခ်ျတာစကေးအဆင့်(၈) မြေငလျင်လှုပ်မှုကြောင့် လူကိုးဦးထက်မနည်း သေဆုံး

စာမျက်နှာ » ၄



## မနက်မိုးလင်းရင် မီးလေးလှုံပြီး နေရတဲ့ ကိုယ့်ဒေသကို အမြန်ဆုံး ပြန်ချင်တယ်...

စာမျက်နှာ - ၁၀

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောဒေသမှ စစ်တွေမြို့သို့ နေရပ်စွန့်ခွာလာသူများအနက်မှ အသက် (၉၆)နှစ်အရွယ် အဘွား ဒေါ်နှင်းညို

## ချင်းပြည်နယ်၏ ပထမဆုံး လေယာဉ်ကွင်းဖြစ်လာမည့် ဖလမ်းလေဆိပ်(ဆူရဲဘုန်) တည်ဆောက်နေပြီ

သတင်း စာမျက်နှာ ၁၇

ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ပြီးစီးပါက ဟားခါးမြို့၊ လိုင်လင်ပီးမြို့၊ ထန်တလန်မြို့၊ တီးတိန်မြို့၊ ပလက်ဝမြို့တို့တွင်လည်း ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ အပြင် NGO အကူအညီများဖြင့် လေယာဉ်ကွင်းငယ်ငါးခုကို ထပ်မံဆောက်ရွက်သွားမည်...



ဖလမ်းလေဆိပ်(ဆူရဲဘုန်) ပုံစံငယ်အား တွေ့ရစဉ်။

KMD Institute

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် UK နိုင်ငံ၏ Diploma နှင့် Degree များရယူနိုင်မည့်အခွင့်အရေး...
B.Sc(Hons) Businesss and Information Technology
SQA HND Diploma in Computing
• First Year Diploma in Computing • First Year Diploma in Business IT
• Second Year Diploma in Computing
KMD (Myaynigone) : 331, Pyay Road, Tel : 01- 700895 381776, 381035, 502233, 527436, 220555

ကြေးမုံ

# လုံခြုံရေးသတိ နိုင်ငံသားတိုင်းအသိရှိ

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများမှာ အလွန်အရေးကြီးသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးသတိရှိရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အဓိကအကျဆုံးလုပ်ငန်းများဖြစ်သည်။ နိုင်ငံလုံခြုံရေးကို ထိုနိုင်ငံ၏လုံခြုံရေးအဖွဲ့အစည်းများက ဆောင်ရွက်ရမည်ဖြစ်သော်လည်း နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကူညီမှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများရှိလာသည်ဟု ဆိုနိုင်သည်။ နိုင်ငံလုံခြုံရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့်အချိန်တွင် မီးလောင်ရာလေပင့်၊ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသကဲ့သို့ ဘေးပယောဂများ၊ ရန်မီးပွားစေသောအပြုအမူများ၊ လုံခြုံရေးကျိုးပေါက်စေနိုင်သော လုပ်ဆောင်မှုများတွေ့ရှိလာသောကြောင့် လုံခြုံရေးသတိအထူးရှိကြရန် တွင်တွင်တိုက်တွန်းနေရသည်ဟု ဆိုရမည်။

အဆိုပါ အခြေအနေအရပ်ရပ်ကြောင့် ယခုရက်ပိုင်းအတွင်း နိုင်ငံတော်က အစွန်းရောက်အကြမ်းဖက်သမားများ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန်စီစဉ်နေမှုများကို အသိပေးနှိုးဆော်ထားသလို အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုသတင်းနှင့်မလိုလားအပ်သော ပဋိပက္ခများမဖြစ်ပေါ်ရေးဆိုင်ရာတို့ကို သတင်းထုတ်ပြန်အသိပေးနေသည်။

ရခိုင်ပြည်နယ်(မြောက်ပိုင်း)၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေချိန်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပရန်ရှိသည့် ယခုလအတွင်း အချိန်ကိုက်လျက် မြန်မာနိုင်ငံအတွင်းပိုင်းဒေသများတွင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများလုပ်ဆောင်ရန် အကြမ်းဖက်မှုများကို အားပေးထောက်ခံသည့် ပြည်ပနိုင်ငံတစ်နိုင်ငံ၌ စီစဉ်နေကြောင်း ကြားသိရသည်။ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသများကို နိုင်ငံတကာမှ ပိုမိုအာရုံစိုက်လာစေရန်နှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများအပေါ် ထောက်ခံမှုတိုးမြှင့်ရရှိလာစေရန်ဖြစ်သည်။

အဆိုပါ သတင်းများအရ နိုင်ငံတစ်ဝန်းတွင် လုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ကြရန် အသိပေးညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး အကြမ်းဖက်တိုက်ခိုက်နိုင်မှုသတင်းများကိုအကြောင်းပြု၍ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ၊ အဓိကရုဏ်းများ ဖန်တီးလာနိုင်သည့်အခြေအနေများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားနိုင်သည့် အလားအလာများကို အထူးဂရုပြုကြရန် အရေးကြီးပါသည်။

ပြည်သူများအနေဖြင့် လုံခြုံရေးသတိရှိကြပြီး မသင်္ကာဖွယ်ရာ လူပုဂ္ဂိုလ်များ၊ လုပ်ဆောင်ချက်များ၊ ပေါက်ကွဲစေတတ်သောပစ္စည်းစုဆောင်းမှုများ၊ ပုံမှန်မဟုတ်သောလုပ်ဆောင်ချက်များ တွေ့ရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးနှင့်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအား အမြန်ဆုံးအကြောင်းကြားရန်လိုအပ်သည်။ အကြမ်းဖက်ခြိမ်းခြောက်မှုသတင်းများဖြစ်ပေါ်နေသည်ကို အမြတ်ထုတ်၍ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ၊ အဓိကရုဏ်းများဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်မှုများကို အထူးသတိထားကြရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်လာနိုင်သည့်အန္တရာယ်ကို ကာကွယ်ရန်အတွက် နိုင်ငံတော်က အစီအမံများ ကြိုတင်ဆောင်ရွက်နေသဖြင့် အလွန်အမင်းစိုးရိမ်ပူပန်စရာမလိုသော်လည်း လုံခြုံရေးသတိအမြဲရှိဖို့လိုအပ်ပေသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးသတိရှိရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အဓိကအကျဆုံးလုပ်ငန်းများဖြစ်၍ တိုင်းရင်းသားပြည်သူများ၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူအားလုံးတို့က တရားဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာနေထိုင်ကြပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသော နိုင်ငံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံကို သစ္စာရှိကြောင်း၊ နိုင်ငံကိုချစ်မြတ်နိုးကြောင်း ပြသကြရမည်ဖြစ်သည်။ ။

# မြန်မာနိုင်ငံတွင် ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ကုသခြင်းကို အောင်မြင်စွာ စွမ်းဆောင်နိုင်ပြီဖြစ်

**နေပြည်တော် စက်တင်ဘာ ၈**



မြန်မာနိုင်ငံတွင် ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ကုသခြင်းအပါအဝင် ခက်ခဲသော ခွဲစိတ်ကုသခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အထူးကြပ်မတ်ကုသပညာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကမ္ဘာနှင့်အဝန်း ဆေးပညာအဆင့်အတန်း မြင့်မားတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းများ တိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်ကို ကာကွယ်ကုသပေးရာတွင် ကိုယ်အင်္ဂါ အစားထိုးခွဲစိတ်ကုသခြင်းအပါအဝင် ခက်ခဲသော ခွဲစိတ်ကုသမှုများကိုလည်း အောင်မြင်စွာ စွမ်းဆောင်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

အထူးကြပ်မတ် ကုသခြင်းသည်လည်း လူနာများကို အသက်ကယ်တင်ပေးနိုင်သည့် အရေးကြီးသော ကျန်းမာရေးစောင့်ရှောက်မှုတစ်ခုဖြစ်ကာ ဆေးရုံများ၌ အထူးကြပ်မတ်ကုသဌာနများရှိမှသာ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ၊ အသက်အန္တရာယ်ရှိသော ရောဂါများကို အချိန်မီထိရောက်စွာ ပြုစုကုသပေးနိုင်မည်ဖြစ်သည်။ လက်ရှိအနေအထားအရ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်ရှိ သင်ကြားရေးဆေးရုံကြီးများ၌သာ အထူးကြပ်မတ်ကုသဌာနများကို ကောင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ပြည်သူ့ဆေးရုံကြီးများမှ အထူးကြပ်မတ်ကုသရန် လိုအပ်သောလူနာများကို အဆိုပါသင်ကြားရေးဆေးရုံကြီးများသို့သာ လွှဲပြောင်းပေးနေရဆဲဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဆေးရုံကြီးများမှာ အထူးကြပ်မတ်ကုသဌာနများ ဖွင့်လှစ်နိုင်ရေးနှင့် အထူးကြပ်မတ်ကုသမှု ဆေးပညာ တိုးတက်ဖွံ့ဖြိုးလာစေရေးတို့သည် အထူးအရေးတကြီး လိုအပ်ချက်ဖြစ်ကြောင်း အတွင်းဝန်က ဆက်လက်ပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် ဆရာဝန်၊ သူနာပြုများအား ICU ဆိုင်ရာသင်တန်းများပို့ချခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊ ICU ဌာနကို သီးခြားဖွဲ့စည်းပုံနှင့် အထူးကြပ်မတ်ကုသမှု အထူးကုဆရာဝန်များ၊ မေ့ဆေးအထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်၊ သူနာပြုများ၊ အခြားဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားနိုင်ရေး၊ ICU အတွက် လိုအပ်သည့် လူနာပြုစုကုသခြင်း၊ Infection Control၊ စက်ပစ္စည်းများ ထိန်းသိမ်းခြင်းတို့အတွက် SOP, Guideline များ ထုတ်ပြန်နိုင်ရေး၊ ICU ဌာနအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ အထောက်အကူပြုပစ္စည်းများကို ပြည်သူ့ဆေးရုံကြီးများ၏ ခုတင်အဆင့်နှင့် လျော်ညီအောင်ဖြည့်တင်းပေးရေး၊ စက်ပစ္စည်းကိရိယာများကို ပြင်ဆင်ထိန်းသိမ်းနိုင်ရေးအတွက် Biomedical Engineering လုပ်ငန်းကိုတိုးချဲ့ပြီး ဝန်ထမ်းသစ်များခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း၊ ပြည်သူ့ဆေးရုံကြီးများ၏ ICU ဌာနများ စံကိုက်ပုံစံစနစ်တကျရှိစေရေး၊ လိုအပ်သော အကျယ်အဝန်းရရှိစေရေး၊ ခုတင်များ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရေး၊ အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရေး စသည်များကို အသေးစိတ် ဆွေးနွေးပေးကြစေလိုကြောင်း။

သို့မှသာ မြန်မာနိုင်ငံ၏ အထူးကြပ်မတ်ကုသမှုစနစ် အရှိန်အဟုန်ကောင်းကောင်းနှင့် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းနောက် Cambridge University Hospitals, NHS Foundation Trust, Addenbrooke's မှ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာမှ ICU Standard များ၊ မြန်မာနိုင်ငံမှ ဆေးပညာရှင်များက ICU ဆိုင်ရာ ဆောင်ရွက်ချက်များ၊ စီမံချက်၊ ဦးဆောင်ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆိုပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပုံပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**လှိုင်လင် စက်တင်ဘာ ၈**

လှိုင်လင်ခရိုင် ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသော ပုံပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။ ယင်းပြိုင်ပွဲသို့ လုံပုရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်ပြီး ပုံပြင်ခေါင်းစဉ် ခြောက်မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုရရှိကြသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးကာ အခမ်းအနားသို့ တက်ရောက်လာသော ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်(ရွှေဈေး) ၉၅၃၀၀၀ - ၉၅၃၀၀၀ မန္တလေး(ရွှေဈေး) ၉၅၃၀၀၀ - ၉၅၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၅ ကျပ်၊ | ၈၁၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၅ ကျပ်၊ | ၇၁၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၅.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉.၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၁၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၁၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၂၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၄.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၅၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၅.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
အကြီးတန်းသတင်းထောက်များ
အငယ်တန်းသတင်းထောက်များ
ဓာတ်ပုံသတင်းထောက်
သတင်းထောက်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် လွှတ်တော်ရေးရာကော်မတီအဖွဲ့ဝင်များ လိုက်ပါလျက် ဒေသစံတော်ချိန် ယနေ့ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီး အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဥက္ကဋ္ဌ H.E. Mr. Yu Zheng Sheng နှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ တရုတ်- မြန်မာ နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် နှစ်နိုင်ငံအတူတကွ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ရေးရာကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော မန်းညွန့်သိန်း၊ ဦးသန်းညွန့်၊ ဦးခွန်သန်းထူး၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးတင်နု (ခ) ဦးတင်နုအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနား




လွှတ်တော်ဝင်း၊ နေပြည်တော် ၁၅-၉-၂၀၁၇

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ညနေ ဒေသစံတော်ချိန် ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ မြန်မာသံရုံးမိသားစုများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီကလည်း Ba Da Ling မဟာတံတိုင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသသည်။

**(သတင်းစဉ်)**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နေပြည်တော်ယာယီသံရုံးခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ နေပြည်တော်ယာယီသံရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ယာယီသံရုံးခွဲ ဖွင့်လှစ်မည့် Grand ACE Villa ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ယာယီသံရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယာယီသံရုံးခွဲဆိုင်းဘုတ်ကမ္ပည်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပန်းချီဆရာကြီး ဦးဘညာဏ် ကြေးရုပ်တုဖြစ်မြောက်ရေး အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၈**

ဖခင်ပန်းချီဆရာကြီး ဦးခင်လှိုင်(နာယက၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး-ဗဟို) အားရည်စူး၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက အမျိုးသားပြတိုက်(ရန်ကုန်)တွင် ထားရှိမည့် ဘိလပ်ပြန်ပန်းချီဆရာကြီး ဦးဘညာဏ်၏ ကြေးရုပ်တု ထုလုပ်ရန် အလှူငွေကျပ် ၁၀ သိန်းကို ဆရာကြီးပန်းချီဦးလှတင်ထွန်းမှတစ်ဆင့် ပေးပို့လှူဒါန်းရာ စက်တင်ဘာ ၅ ရက်တွင် ပန်းချီဆရာကြီး ဦးဘညာဏ် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရေးနှင့် ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ပန်းချီနိုပိုဦးနှင့် ပြန်ကြားရေးမှူး ပန်းချီဦးကျော်ခေါင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆရာကြီးဦးဘညာဏ် ရုပ်တုနှစ်ခုအနက် ဩဂုတ် ၃၀ ရက်တွင် ဆရာကြီးကွယ်လွန်ရာ မော်လမြိုင်မြို့နယ် တိုးရွာ၌ ကွယ်လွန်ခြင်း (၇၂)ပြည့် အထိမ်းအမှတ်အဖြစ် ကြေးရုပ်တစ်ခုအား ထားရှိဖွင့်လှစ်ခဲ့ပြီး အမျိုးသားပြတိုက်(ရန်ကုန်)တွင် နှစ်(၁၂၀)ပြည့် အခမ်းအနားကျင်းပ၍ ယခုနှစ် ဒီဇင်ဘာလတွင် ကြေးရုပ်တစ်ခုထားရှိမည်ဖြစ်သည်။

**(ကြေးမုံ)**

# နျူကလီးယားဒုံးကျည် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ခြင်းအတွက် ပြုံယမ်းပြည်သူများ အောင်ပွဲခံ

**ပြုံယမ်း စက်တင်ဘာ ၈**

စက်တင်ဘာ ၉ ရက်တွင် ကျရောက်သည့် မြောက်ကိုရီးယားနိုင်ငံဖွဲ့စည်းတည်ထောင်ခြင်း နှစ်ပတ်လည်နေ့မတိုင်မီ ခြောက်ကြိမ်မြောက် နျူကလီးယားဒုံးလက်နက်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ခြင်းအတွက် နိုင်ငံတစ်ဝန်းလုံး၌ အောင်ပွဲခံမှုများ ကျင်းပလျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

ပြုံယမ်းက စက်တင်ဘာ ၃ ရက်တွင် ခြောက်ကြိမ်မြောက် တာဝေးပစ်ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ အဆိုပါဒုံးကျည်တွင် ဟိုက်ဒရိုဂျင်ဗုံးတစ်လုံး ထည့်သွင်းတပ်ဆင်နိုင်ကြောင်း သိရသည်။

ပြုံယမ်း၏ နောက်ဆုံးအကြိမ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် အမေရိကန်နိုင်ငံကို တန်ပြန်တိုက်စစ်ဆင်ကာကွယ်သည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း မြောက်ကိုရီးယားအဆင့်မြင့်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အာဏာရ ကိုရီးယားအလုပ်သမားပါတီသတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာတွင်ဖော်ပြခဲ့သည် သတင်းဓာတ်ပုံများတွင် ပြည်သူများက ပန်းစည်းများကိုင်ဆောင်ကာ အောင်ပွဲခံနေသည့်ပုံများကို ထည့်သွင်းဖော်ပြထားသည်။

ပြုံယမ်း၏ နျူကလီးယားဒုံးကျည် အောင်မြင်စွာပစ်လွှတ်နိုင်ခြင်းအပေါ် အောင်ပွဲခံသည့် မြင်ကွင်းများကို စက်တင်ဘာ ၇ ရက်တွင် နိုင်ငံပိုင်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။ အောင်ပွဲခံ အခမ်းအနားသို့ ပြည်သူ ၁၀၀၀၀၀ ခန့်နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်နေ့ကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပနိုင်ဖွယ်ရှိပြီး အဆိုပါအခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင်အပါအဝင် တာဝန်ရှိသူများ တက်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**





# ရုရှားနိုင်ငံနှင့် ပူးတွဲအကောင်အထည်ဖော်မည့် စီမံကိန်းများအတွက် တရုတ်နိုင်ငံ ရန်ပုံငွေထူထောင်မည်

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၈**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်ရေး ယွမ်ဘီလီယံ ၁၀၀(အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံ)ပမာဏရှိ ရန်ပုံငွေ ထူထောင်ရန် တရုတ်အစိုးရက လုပ်ကိုင်လျက်ရှိကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဝမ်းယန်က စက်တင်ဘာ ၇ ရက်တွင် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ပြောကြားလိုက်သည်။

ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေကို တိုးမြှင့်သွားရန် တရုတ်နိုင်ငံက အသင့်ရှိပြီး တရုတ်-ရုရှား ပူးတွဲအစီအစဉ်များအတွက် ပိုးလမ်းမရန်ပုံငွေ ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း ဗလာဒီဗော့စတော့၌ ပြုလုပ်သည့် တတိယအကြိမ် အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ်နှင့်အတူ ပူးတွဲကျင်းပသော စီးပွားရေးဆွေးနွေးပွဲ၌ ဝမ်းယန်က ပြောကြားသည်။

တရုတ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ရုရှားအရှေ့ဖျားဒေသတွင် ရင်းနှီးမြှုပ်နှံကြရန် လည်းကောင်း၊ ကုန်ထုတ်လုပ်မှု၊ အရင်းအမြစ်များ စူးစမ်းရှာဖွေမှု၊ အခြေခံအဆောက်အအုံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရန် တရုတ်အစိုးရက အားပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် တရုတ်နိုင်ငံက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှား၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တရုတ်ကုမ္ပဏီများကို မိမိတို့ ပြောကြားထားကြောင်း ဝမ်းယန်က ပြောကြားသည်။

တရုတ်ကုမ္ပဏီများ၏ တရားဝင်အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ပေးပြီး မိမိတို့ ကုမ္ပဏီများအား ဦးစားပေးသည့် မူဝါဒများကို ရုရှားနိုင်ငံဘက်မှ အကောင်အထည် ဖော်ပေးစေလိုကြောင်း၊ တရုတ်နိုင်ငံသည် ရုရှား အရှေ့ဖျားဒေသ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ယင်းဒေသသို့ ဒုတိယအကြီးဆုံး ပို့ကုန်တင်ပို့သော နိုင်ငံဖြစ်ကြောင်း၊ ယင်းဒေသ၌ တရုတ်နိုင်ငံက စီမံကိန်း ၂၆ ခုအတွက် ရင်းနှီးမြှုပ်နှံထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

❐

# မက္ကဆီကိုတွင် ရစ်ချ်တာစကေးအဆင့်(၈) မြေငလျင်လှုပ်မှုကြောင့် လူကိုးဦးထက်မနည်းသေဆုံး

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၈**

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ စက်တင်ဘာ ၇ ရက် နှောင်းပိုင်းက ရစ်ချ်တာစကေး အဆင့်(၈)ရှိ အင်အားပြင်းမြေငလျင်လှုပ်ခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ချီယာပက်စ်ပြည်နယ်တွင် လူနေအိမ်များ ပြိုကျမှုကြောင့် လူခုနစ်ဦးသေဆုံးကြောင်း ပြည်နယ်မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဂျိုဆေဂါဆီယာက အတည်ပြုပြောကြားသည်။

မြေငလျင်လှုပ်မှုကြောင့် ချီယာပက်စ်ပြည်နယ်၏ အိမ်နီးချင်း တာဘက်စ်ကိုပြည်နယ်တွင်လည်း လူနှစ်ဦး သေဆုံးကြောင်း ယင်းပြည်နယ်အာဏာပိုင်များက ပြောကြားကြသည်။

မြေငလျင်သည် ချီယာပက်စ်ပြည်နယ် ပီဂျီဂျီဟာပန်မြို့၏ အနောက်မြောက်ဘက် ၉၆ ကီလိုမီတာအကွာ မြေအောက်အနက် ၃၃ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့(ယူအက်စ်ဂျီအက်စ်)က ပြောကြားသည်။

မြေငလျင်လှုပ်မှုကြောင့် မက္ကဆီကိုနိုင်ငံမြို့တော် မက္ကဆီကိုစီးတီးတွင်ပါ တုန်ခါမှုကိုခံစားရပြီး ပြည်သူအများအပြားမှာ အဆောက်အအုံများအတွင်းမှ လမ်းမများပေါ်သို့ ပြေးထွက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

မြေငလျင်လှုပ်မှုကြောင့် မက္ကဆီကိုစီးတီးတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သော်လည်း အဆောက်အအုံများ ပြိုကျမှု သို့မဟုတ် လူသေဆုံးမှု သတင်းများ မရရှိကြောင်း မြို့တော်ဝန်မစ်ဂွဲအိန်ဂျယ်အန်ဆီယာက ဒေသတွင်းသတင်းမီဒီယာသို့ ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် ၁၉၈၅ ခုနှစ်က ရစ်ချ်တာစကေး အဆင့်(၈)ရှိ မြေငလျင်လှုပ်ခဲ့ဖူးသည်။ ယင်းငလျင်ဒဏ်ကြောင့် မက္ကဆီကိုစီးတီးတွင် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး အဆောက်အအုံများပါ ပျက်စီးခဲ့ရသည်။ ယင်းမြေငလျင်ကြီး လှုပ်ပြီးနောက်ပိုင်းတွင် မက္ကဆီကိုတွင် လှုပ်သော ငလျင်များအနက် ယခုတစ်ကြိမ် မြေငလျင်လှုပ်မှုမှာ အင်အားအပြင်းထန်ဆုံး ဖြစ်သည်။

**ဆင်ဟွာ။**



# ဖွံ့ဖြိုးရေးဘဏ်သစ်၏ ပထမဆုံးသောချေးငွေဖြင့် နေစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းစတင်

**ပေကျင်း စက်တင်ဘာ ၈**

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပါဝင်သော BRICS အဖွဲ့၏ ဘဏ်သစ်ဖြစ်သော ဖွံ့ဖြိုးရေးဘဏ်သစ်သည် ယင်း၏ ပထမဆုံးသော စီမံကိန်းချေးငွေကို ရှန်ဟိုင်းအခြေစိုက် လက်ကျန်း နေစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီသို့ ထုတ်ပေးရန် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၆ ရက်တွင် သဘောတူညီခဲ့ပြီး စီမံကိန်းလုပ်ငန်းကို ယခုအခါ စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

BRICS ဖွံ့ဖြိုးရေးဘဏ်ဟုလည်း သိရှိခဲ့ကြသော ဖွံ့ဖြိုးရေးဘဏ်သစ်သည် ယင်း၏ ပထမဆုံးသော စီမံကိန်းချေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၇၆ သန်းကို ထုတ်ပေးခဲ့သည်။

ဖွံ့ဖြိုးရေးဘဏ်သစ်၏ ဌာနချုပ်ရုံးကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဖွင့်လှစ်ထားပြီး ဘဏ်ရုံးခွဲကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဖွင့်လှစ်ထားသည်။

**ဆင်ဟွာ။**

○

# သူရဦးရွှေမန်း အာရှနှင့်ပစိဖိတ်ဒေသဌာန ဦးဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် EU External Action Service (EEAS)၊ အာရှနှင့် ပစိဖိတ်ဒေသဌာန ဦးဆောင်ညွှန်ကြားရေးမှူး Mr. Gunnar Wiegand အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအား ပေးအပ်လျက်ရှိသည့် အကူအညီများအား ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရခိုင်ဒေသဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အာဆီယံ-ဂျပန် ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၈**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဖိလစ်ပိုင်နိုင်ငံ Quezon မြို့ Seda Vertis North Hotel ၌ “Countering Fake News and Communicating the Right Information” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-ဂျပန် ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဇေယျာလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။

**(သတင်းစဉ်)**



# အေဆမ်အဆင့်မြင့်အရာရှိအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၈**
အေဆမ်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ မြန်မာနိုင်ငံမှ နိုဝင်ဘာလတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ အေဆမ်မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များက ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပြည်သူ့အလုပ်သမားပါတီအားနိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၁/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)**
**ပြည်သူ့အလုပ်သမားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၁၄၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အလုပ်သမားပါတီ**အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့အလုပ်သမားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၄) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီအားမှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၂/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)**
**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်္ဂလာရပ်၊ ဟော်ကြီးလမ်း၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)**အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(Kayah State Democratic Party)**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၅) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၃/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)** ကို မှတ်ပုံတင်အမှတ် (၆၄)ဖြင့် ၁-၈-၂၀၁၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၉/၂၀၁၃) ဖြင့် လည်းကောင်း၊ **ကယားလူမျိုးစုဒီမိုကရေစီပါတီ**ကို မှတ်ပုံတင်အမှတ်(၆၅)ဖြင့် ၉-၈-၂၀၁၃ ရက်စွဲပါ ကြေညာချက်အမှတ် (၂၃/၂၀၁၃) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)** နှင့် **ကယားလူမျိုးစုဒီမိုကရေစီပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ်ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)**အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ** (Kayah State Democratic Party) ကို မှတ်ပုံတင်အမှတ်(၁၀၅) ဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်စွဲပါ ကြေညာချက်အမှတ် (၂၂/၂၀၁၇) ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ နှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၃) အရ **လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)**နှင့် **ကယားလူမျိုးစုဒီမိုကရေစီပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ** (Kayah State Democratic Party) ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)** နှင့် **ကယားလူမျိုးစုဒီမိုကရေစီပါတီ**တို့အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အထူးဂရုပြုရေးသားရန် အချိန်တန်လာနေသည့် မြန်မာစာလုံးပေါင်းသတ်ပုံသတ်ညွှန်းများ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

ယနေ့ခေတ်ကာလအချိန်အခါတွင် ကျွန်ုပ်တို့နိုင်ငံအတွင်း တစ်နိုင်ငံလုံးရှိ နိုင်ငံသားအားလုံးနီးပါးအနေဖြင့် ICTနည်းပညာနှင့် ရင်းနှီးကျွမ်းဝင်လာပြီး ဆက်သွယ်ရေးကွန်ရက် တိုးတက်ဖြန့်ကြက်ကာ အင်တာနက်မြန်နှုန်းမြန်ဆန်လာမှုနှင့်အတူ လူတိုင်းကိုယ်စီလက်ကိုင်ဖုန်းများကို ကိုင်တွယ်သုံးစွဲလာနေကြချိန်ဖြစ်သည်။ လက်ကိုင်ဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြရင်း ယှဉ်တွဲပါလာသည်မှာ စာတိုပုံတိုပတ်စများကို အချိန်တိုအတွင်း အချင်းချင်းပေးပို့၍ရသည့် facebook၊ Viber၊ Skype စသည့် အသုံးချဆော့ဝဲလ်လေးများပင်ဖြစ်သည်။ ထို့အတွက် ကျွန်ုပ်တို့ နိုင်ငံသား အများအပြားမှာ ကွန်ပျူတာခေတ်ကို အချိန်ခဏချင်းဖြင့် ခုန်ပျံကျော်လွှားကာ မိုက်ခရိုကွန်ပျူတာခေတ်ဆီသို့ ရောက်ရှိသွားခဲ့ရသည်။

**ဖြတ်လမ်းလိုက်ခဲ့ကြရာမှ လမ်းမှားခဲ့ကြ**

အချိန်တိုအတွင်း ကူးပြောင်းမှု မြန်ဆန်သည်နှင့်အမျှ တွင်ကျယ်စွာအသုံးပြုကြရာတွင်လည်း ထို့ထက်လွယ်ကူမြန်ဆန်နိုင်သည့် နည်းများကိုထပ်မံအသုံးပြုခဲ့ကြရာမှ ယခုကျွန်ုပ်တင်ပြမည့် မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်း၊ စာလုံးပေါင်းသတ်ပုံသတ်ညွှန်းများသည်လည်း ကပေါက်တိကပေါက်ချာဖြင့် မူလသတ်မှတ်သုံးစွဲခဲ့ကြသည့်လမ်းမှ သွေဖည်လာခဲ့ကြတော့သည်။ ထိုသို့ဖြစ်ကြရခြင်းမှာလည်း မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့် ၎င်းတို့ကိုယ်စီ ကိုင်ဆောင်ထားကြသည့်ဖုန်းများတွင်ပါရှိသည့် စာရိုက်ပို့ရာတွင် အသုံးပြုသည့်ကီးဘုတ်များတွင် ပေါ်လာသောစာလုံးများ၊ ပတ်ဆင့်များ၊ ယပင့်များ၊ ဝဆွဲများ၊ အသတ်များကို ရှာဖွေရိုက်ယူရန် အချို့မှာ နားမလည်၊ မတတ်ကျွမ်းကြသည့်အလျောက် အလွယ်တွေ့သည့် စာလုံးကိုပင် အမြန်ရောက်ရန်နှင့် အချိန်တိုအတွင်း မြန်သထက်မြန်အောင် အလွယ်ရိုက်ပို့သုံးစွဲလာကြရင်း ဖြစ်လာကြရခြင်းဖြစ်သည်။ ထိုသို့ရိုက်ကြရာတွင် မှားယွင်းခြင်းကိုစာရိုက်သူများကိုယ်တိုင်သိကြသော်လည်း မြန်ဆန်လွယ်ကူသည့် ရိုက်နည်း၊ စာလုံးပေါင်းနည်းကိုသာပို့ကြရင်း အချင်းချင်းနားလည်လျှင်ပြီးပြီဟု ပြီးစလွယ်ပြုလုပ်ခဲ့ကြတော့သည်။

**တာဝန်ရှိသူများနှင့်မြန်မာစာမြတ်နိုးသူများက စိုးရိမ်ခဲ့ကြ**

ထိုသို့ အလွယ်ပြီးလျှင် ပြီးရောဟုသဘောထားကာ မိုက်ခရိုကွန်ပျူတာဖြစ်သည့် ဖုန်းများအတွင်းမှ အသုံးချလူမှုကွန်ရက်သုံးဆော့ဝဲလ်များတွင် ရိုက်ပို့ကြခြင်းကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာခြင်းနှင့်အတူ တဖြည်းဖြည်းနှင့် အမှန်ကွယ်ပျောက်ပြီး အမှားကို အမှန်ထင်လာကြကာ မြန်မာစာအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်းနှင့် ဝေါဟာရသုံးစွဲမှုများအပေါ် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့နှင့် မြန်မာစာ၊ မြန်မာစကားကို မြတ်နိုးသည့်သူများက စိုးရိမ်လာခဲ့ကြသည်။ ထိုသို့စိုးရိမ်လာခဲ့ကြသည်နှင့်အမျှ အချို့အတော်များများအနေဖြင့်လည်း သတင်းစာ၊ ဂျာနယ်များတွင် ဆောင်းပါးများရေးကာ မြန်မာစာ၊ မြန်မာစကားကို ထိန်းသိမ်းကြရန် သူတို့သုံးစွဲသည့်အသုံးအနှုန်းပုံစံများကို ဖော်ပြပြီး ထိုကဲ့သို့သုံးစွဲခြင်းမပြုကြရန် လှုံ့ဆော်မှုများပြုလုပ်လာခဲ့ကြသည်ကို တွေ့ကြရဖူးမည်ဖြစ်သည်။

**အလွယ်ကြိုက် ဖြတ်လမ်းလိုက်ကာ ရေးခဲ့ကြသည့် ရေးသားနည်းများ**

ဖုန်းများတွင်ပါရှိသည့် ကီးဘုတ်သုံးစွဲနည်းကိုမသိရှိ မတတ်ကျွမ်းမှုနှင့် အချိန်တိုအတွင်း ပို့ဆောင်ဆက်သွယ်ရန် အသုံးပြုမှုကြောင့် ညီမလေးဟုရိုက်ရမည့်အစား လွယ်ကူမြန်ဆန်မည့် ပုံစံဖြင့် ညလေးဟုတစ်မျိုး၊ အစ်ကိုကြီးကို ကွီးဟုတစ်ဖုံ၊ ကိုယ့်ဘာသာကိုယ်လုပ်ပါဆိုသည်ကို ကွကိုယ်လုပ်ပါဟုတစ်နည်း၊ သူဘယ်လိုလူလဲဆိုသည်ကို သူဘူလဲဆွာဟု တစ်ဖန်စသည်ဖြင့် အမျိုးမျိုးရေးသားလာခဲ့ကြလေသည်။ ထို့အပြင် ပိုမိုဆိုးရွားလာနေသည့်ပုံစံမှာ "ထိုသို့အတိုကောက် စာလုံးများပါဝင်သည့် မြန်မာစာရိုက်ပို့ရသည်ကိုပင် ကြာသည်ဟုထင်ကာ ထို့ထက် ပိုတိုသည့် အသုံးအနှုန်းကို English အက္ခရာများ ကြားညှပ်ရင်းသုံးစွဲလာကြပြန်သည်။ ဥပမာအားဖြင့် တစ်ခုနှစ်ခုတင်ပြရလျှင် ဘာလုပ်နေလဲဟုမေးသည်ကို ဖေ့ဘွတ်သုံးနေသည်ဟုဖြေကြရမည့် အစား fb၃ ဟုလည်းကောင်း၊ စားပြီးပြီလားဆိုသည်ကို စားPpဟု တစ်မျိုး အမျိုးမျိုးတိုနိုင်သမျှတိုအောင် ဖြတ်လမ်းက သုံးစွဲကာ ရေးသားခဲ့ကြသည်ကိုလည်း အားလုံးသိကြပြီး ဖြစ်မည်ထင်သည်။

**စာအရေးအသားကို ကြည့်ခြင်းဖြင့် လူကိုအကဲခတ်နိုင်**

အထက်တွင်တင်ပြခဲ့သည့် အသုံးအနှုန်း အတိုကောက် အရေးအသားများဖြင့် ၎င်းတို့အချင်းချင်း ဆက်သွယ်ကြသည့် အင်တာနက်လူမှုကွန်ရက်များထက်တွင် သုံးစွဲနေကြသည်မှာ အကြောင်းမဟုတ်သော်လည်း အမှန်တကယ်ဆက်သွယ်ပေးပို့ကြရမည့် ရုံးစာများနှင့် ပုဂ္ဂိုလ်ပေးစာများ၊ ကုမ္ပဏီရုံးသုံးစာများနှင့် ပြင်ပစာများတွင်မူ ထိုအသုံးအနှုန်းများ ပါဝင်သုံးစွဲကြခြင်း၊ သတ်ပုံသတ်ညွှန်းမှားခြင်းများသည် ရေးသားသူ၏တန်ဖိုးကိုဖော်ပြစေရာရောက်နိုင်လေသည်။ ဥပမာအနေဖြင့် ဘုန်းကြီးကျောင်းများကို ဘုန်းကြီးကြောင်းဟု ယရစ်ဖြင့်ရေးသော်လည်း ဘယ်သူကမှဇရပ်ဟု မဖတ်ပါ။ သို့သော်ရေးသူ၏ ပညာအရည်အချင်းအဆင့်အတန်းကို ဖော်ပြရာရောက်၍ သတ်ပုံမှန်အောင်ရေးသင့်ပါသည်။ သတ်ပုံအမှားကြောင့် ဒုက္ခရောက်ခဲ့ရသူများလည်းရှိပါသည်။ ကြက်သွန်ခွန်(နသတ်ခွန်) တောင်းသည်ကို ခွံ(သေးသေးတင်ခွံ)ဟုရေးမိ၍ အခွန်ငွေမရဘဲ အမှိုက်ကြက်သွန်အခွံတွေကောက်ကာ ပြန်ခဲ့ရဖူးပါသည်။ ဝံ(သေးသေးတင်ဝံ)ကြီးဟု ရေးမိသော ဝန်(နသတ်ဝန်)ကြီးတစ်ဦး မြို့မှနှင်ထုတ်ခံရဖူးပါသည်။ ထင်းတစ်စည်း(ညသတ်ရှေ့ဆီး) တောင်းသည်ကို ထင်းတစ်စီး(လုံးကြီးတင်ဆန်ခတ်ရှေ့ဆီး) ရေးမိ၍ လှည်းတစ်စီးစာဖိုးပေးရပြီး ငွေပိုကုန်ခဲ့ဖူးပါသည်။ မြန်မာစာသည် မြန်မာနိုင်ငံတွင် ရုံးသုံးစာဖြစ်၍ မြန်မာစာ မြန်မာစကားတွင် တိုင်းရင်းသားများအပါအဝင် မြန်မာတိုင်း၊ မြန်မာစာအသုံးပြုသူတိုင်း ကျွမ်းကျင်ပိုင်နိုင်မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်လျက်ရှိပါသည်။

**မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများကို အကိုးအကားပြုဆောင်ထားနိုင်**

ထို့အတွက် မြန်မာစာလုံးပေါင်းသတ်ပုံသတ်ညွှန်းများကို မှန်ကန်စွာရေးသားတတ်ကြစေရန် အထူးလိုလာပြီး မိမိတို့၏ မြန်မာစာ၊ မြန်မာစကားကို လေးစားတန်ဖိုးထားကြရမည်ဖြစ်ပါသည်။ ထိုသို့မှန်ကန်စွာရေးသားတတ်ကြစေရန်အတွက်လည်း မြန်မာစာအဖွဲ့မှ ၁၉၈၆ ခုနှစ်တွင် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို ရေးသားပြုစုထုတ်ဝေပေးထားခဲ့ပါသည်။ ထိုကျမ်းတွင်ပါရှိသော စာလုံးပေါင်းနှင့် သုံးစွဲမှုဝေါဟာရများမှာ ယနေ့ထက်တိုင်ပြန်လည်ပြင်ဆင်ခြင်း၊ နုတ်ပယ်ပစ်ခြင်း၊ ဖြည့်စွက်ခြင်းများမပြုကြောင်းကိုလည်း သိရှိရသည်။ ထို့အပြင် မြန်မာစာပေကို မြတ်မြတ်နိုးနိုးလေ့လာကြသည့် နိုင်ငံခြားသားများနှင့် မြန်မာစာပေဝါသနာရှင်များအတွက် များစွာအထောက်အကူဖြစ်စေမည့် "ခွဲထား"ကဏ္ဍကိုလည်း ဖြည့်စွက်ပုံနှိပ်ထားပေးကြောင်းပါ သိရ ဖတ်ရပါသည်။ ထိုခွဲထားကဏ္ဍတွင် စာလုံးပေါင်းသတ်ပုံအရာ၌ လွန်စွာရောထွေးမှတ်သား လွဲမှားတတ်သောအပင့်/အရစ်၊ အသတ်/အလတ်၊ သံပြင်း/သံညင်း၊ သံတင်း/သံလျော့ စသည်တို့ကို တစုတည်းတပေါင်းတည်း လေ့လာနိုင်ကြောင်း၊ အရေးတူသော်လည်း ဝေါဟာရရင်းမြစ်မတူသည့်အလျောက် ဝေါဟာရရင်းမြစ် တူရာ တူရာကိုစုပြီး ပိုင်းခြားဖော်ပြထားကြောင်းလည်း သိရသည်။

သို့ဖြစ်၍ ထိုမြန်မာစာလုံးပေါင်းသတ်ပုံကျမ်းထဲမှ လက်ရှိတွင်အသုံးဝင်ပြီး အသုံးတွင်ကျယ်နေသည့် မြန်မာစာရေးထုံးအချို့၊ အသုံးများပြီးအသုံးမှားနေကြသည့် စာလုံးများအကြောင်း၊ အသံထွက်တူစာလုံးများအကြောင်း၊ လုံးဝအသုံးမရှိသော စာလုံးများအကြောင်း၊ ရှေ့နောက်စိတ်ကြိုက်သုံး အဓိပ္ပာယ်တူစာလုံးများအကြောင်းကို စာဖတ်သူများ အလွယ်တကူလေ့လာသိရှိစေရေးအကျိုးငှာ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထားသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထားကို မှီငြမ်းကိုးကားပြီး နောင်ဆောင်းပါးများတွင် ဆက်လက်၍ အပိုင်းလိုက် ရေးသားဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

# "အသက်ဆက်လမ်း"ဆိုလျှင်လည်း မမှားနိုင်ပေ

**မိုးမိုး**

**ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှန်သမျှတွင် အန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းရပ်များကိုပါ "ကျွဲကူးရေပါ" ပေါင်းစပ်ထည့်သွင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပီပီပြင်ပြင် ရပ်လုံးပေါ်နိုင်မည်ဖြစ်သည့်အပြင် ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း။**

များမကြာမီက ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အသစ်တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အတွက် (အထူးအားဖြင့်) ကျေးလက်နေပြည်သူများအတွက် အလွန်ပင်မင်္ဂလာရှိသည့် သတင်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတစ်နံတစ်လျားတွင် ကျေးလက်လမ်း(တစ်နည်းအားဖြင့်) ကျေးရွာကုန်ထုတ်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းအားလုံး၏ အရှည်မှာ ကီလိုမီတာ တစ်သိန်းနီးပါးရှိပြီး အဆိုပါကျေးလက်လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ရောက်ရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် အဆိုပါလမ်းကွန်ရက်ကိုအသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေးနှင့် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်ရေးတို့ကို မဟာဗျူဟာရည်မှန်းချက်ထားရှိလျက် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရပါသည်။ ထို့အပြင် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအနေဖြင့် အဆိုပါကျေးလက်လမ်းများကို အသုံးပြု၍ ရာသီမရွေးသွားလာနိုင်ရန် နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စင်စစ်အားဖြင့် ကျေးလက်လမ်းများသည် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ အရေးပါသည်မဟုတ်ဘဲ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် တန်ဖိုးမဖြတ်နိုင်သည့် လူ့အသက်များကို ကာကွယ်ပေးရာတွင်လည်းကောင်း၊ အနာဂတ်ကာလတွင် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးရမှုများကို ထိရောက်စွာ လျှော့ချပေးရာတွင်လည်းကောင်း၊ ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို အခွန့်ရှည်တည်တံ့စေရေးတွင်လည်းကောင်း အသက်သွေးကြောပမာ အထောက်အကူပြုလျက်ရှိသည်။

မျက်မှောက်ကာလတွင် ပြင်းထန်သည့်ရာသီဥတုဖြစ်စဉ်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများနှင့် ဂေဟစနစ် ယိုယွင်းအားနည်းလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများမှာ ကမ္ဘာနှင့်အဝှမ်းတွင် ဖြစ်ပွားလျက်ရှိပြီး အဆိုပါသဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆင်းရဲနွမ်းပါးသူများအပေါ်တွင် ပိုမိုဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါသည်။ သို့ဖြစ်ရာ ကျေးလက်နေပြည်သူများသာမက ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည့် ကျေးလက်လမ်းများသည်လည်း သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိရန်လိုအပ်ပါသည်။ ဘေးဒဏ်ခံနိုင်ရည်ရှိသည့် ကျေးလက်လမ်းများ ဖြစ်ပေါ်လာစေရေးအတွက် လမ်းဖောက်လုပ်မည့်ဒေသ၏ ဘေးအန္တရာယ်ကျရောက်နိုင်ခြေကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်မဖြစ်မနေလိုအပ်လျက်ရှိပါသည်။ ဥပမာ- ရေကြီးနိုင်သည့်ဒေသအတွက် ဖောက်လုပ်မည့်လမ်း၏ ဒီဇိုင်း၊ အရည်အသွေးနှင့် စံသတ်မှတ်ချက်များသည် အခြားသောဒေသများတွင် ပုံမှန်ဆောင်ရွက်နေသည့် လမ်းစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် တူညီနိုင်မည်မဟုတ်ပေ။

ထို့အပြင် ဘေးအန္တရာယ်ကျရောက်လွယ်သည့် ဒေသများအတွက် ကျေးလက်လမ်းဆိုသည်မှာ ပြည်သူများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးရာတွင် အရေးပါသည့် "အသက်ဆက်လမ်း"ဆိုလျှင်လည်း မမှားနိုင်ပေ။ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် ပြည်သူများအနေဖြင့် ဘေးလွတ်ကင်းရာနေရာသို့ အချိန်မီ ရှောင်ရှားနိုင်ရန်လည်းကောင်း၊ ဘေးကျရောက်ပြီးချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် လုပ်ဆောင်ပေးနိုင်ရန်လည်းကောင်း၊ ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင်ပေးနိုင်ရန်လည်းကောင်း ကျေးလက်လမ်းများကြံ့ခိုင်မှုရှိရန် များစွာအရေးကြီးပါသည်။ ၂၀၁၆ ခုနှစ်အတွင်းက ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ၈၀ ရာခိုင်နှုန်းမှာ ဘေးဖြစ်ပွားချိန်တွင် ပျက်စီးဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းထားသည်ဖြစ်ရာ အဆိုပါကဏ္ဍ၏ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်နိုင်ရန်အတွက် ကျေးလက်လမ်းများတိုးချဲ့ဖောက်လုပ်ခြင်းနှင့် ဖောက်လုပ်ပြီးလမ်းများ အဆင့်မြှင့်တင်ခြင်းတို့သည် အဓိကကျသည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။

ထို့အပြင် အဆိုပါအစီရင်ခံစာအရ လေ့လာမှုပြုခဲ့သည့် နိုင်ငံပေါင်း ၁၇၁ နိုင်ငံအနက် မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအဆင့် ၄၂ တွင် ရှိပါသည်။ ယင်းသို့ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအဆင့်များကို သတ်မှတ်ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ လူမှုစီးပွားဘဝအခြေအနေများ၊ အဆိုပါနိုင်ငံ၏ ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အဆင်သင့်ဖြစ်မှုများ၊ အခြေခံအဆောက်အအုံခိုင်ခံ့မှုများ၊ ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်မှုနှင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေများ စသည့် အညွှန်းကိန်းများကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုကဲ့သို့ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခြင်းအားဖြင့် ကမ္ဘာ့အဆင့်တွင် မြန်မာနိုင်ငံ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိခြင်းနှင့် ဘေးအန္တရာယ်များအတွက် အဆင်သင့်ဖြစ်ခြင်းစသည့် အညွှန်းကိန်းများ မြင့်တက်လာစေနိုင်သည့်အတွက် ရေရှည်တွင် မဟာဗျူဟာမြောက်သည့်လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။

ထိုမျှမက မည်သို့သော ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အကောင်အထည်ဖော်စေကာမူ အသစ်အသစ်သော အန္တရာယ်များကို ထပ်မံ၍ မဖန်တီးမိစေရန်အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ တည်ဆောက်မှုပိုင်းဆိုင်ရာ အန္တရာယ်များကိုသာမက လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အရေးကြီးပါသည်။ ကဏ္ဍအသီးသီးမှ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန်အလို့ငှာ မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက် ၂၀၁၇ ကို နိုင်ငံတော်အဆင့်တွင် ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ပါသည်။

အဆိုပါစီမံချက်ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများကပါ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြရန်လိုအပ်ပါသည်။ စီမံချက်အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေရရှိရေးနည်းလမ်းများ၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးပါဝင်၍ ညှိနှိုင်းပေါင်းစပ်မှုစွမ်းပကားဖြင့် ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှန်သမျှတွင် အန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းရပ်များကိုပါ "ကျွဲကူးရေပါ" ပေါင်းစပ်ထည့်သွင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပီပီပြင်ပြင် ရုပ်လုံးပေါ်နိုင်မည်ဖြစ်သည့်အပြင် ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အခြားနိုင်ငံများမှသတင်းဓာတ်ပုံအမှားများ ဖော်ပြခဲ့ခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ ဖြစ်စဉ်အခြေအနေမှန်များနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနားလည်စေလိုပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးက ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့်ပတ်သက်၍ အဖြစ်မှန်အပေါ် နားလည်သဘောပေါက်ပါကြောင်း၊ ကိုယ်ချင်းစာနာပါကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ပညာရေးဝန်ကြီးဌာန ၂၀၁၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားကို နေပြည်တော် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "တို့အင် တို့အား" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်သည်။



ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်မှ လူထုအခြေပြုစာတတ်မြောက်ရေး(အသုံးလုံး)လှုပ်ရှားမှုကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အရှေ့စုံပြကျေးရွာမှ စတင်ခဲ့သည့် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုအပေါ် ယူနက်စကို အဖွဲ့ကြီးက ချီးမြှင့်သည့် မိုဟာမက် ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်နှင့် နိုမာဆုကို ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံက လက်ခံရရှိခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံမှ ချမှတ်ခဲ့သည့် လူတိုင်းအတွက်ပညာရေး(Education For All)အစီအစဉ်အရ မြန်မာနိုင်ငံတွင်လည်း လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပြီးနောက် ကျောင်းပညာရေးနှင့်အတူ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကိုလည်း ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ် ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့ပညာရေးဝန်ကြီးများ ညီလာခံမှာ လူတိုင်းအတွက်ပညာရေး ဒါကာလုပ်ငန်း အညွှန်းဘောင်တစ်ရပ် ရေးဆွဲပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးသင်ယူနိုင်မှု အခွင့်အလမ်းဆုံးရှုံးခဲ့ရသူများအတွက် ကျောင်းပြင်ပမူလတန်းပညာရေး(Non-Formal Primary Education-NFPE)ကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး အစပြုဆောင်ရွက်ခဲ့ပါကြောင်း။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းစဉ်များတွင် ပါရှိသည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ၊ ကျောင်းပြင်ပမူလတန်း၊ အလယ်တန်းပညာရေး၊ စဉ်ဆက်ပညာရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကယားပြည်နယ်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ၂၀၁၇ ခုနှစ် ဇွန်လတွင် ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲခရိုင်များမှာ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ၄၇ မြို့နယ်တွင် လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၈၁ မြို့နယ်အထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ်သည် "ဒစ်ဂျစ်တယ်နည်းပညာကမ္ဘာမှာ စာတတ်မြောက်ရေးသည် အခရာ" (Literacy in a Digital World) ဖြစ်ပါကြောင်း၊ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသည့်ကမ္ဘာပေါ်၌ ရှင်သန်နေထိုင်နိုင်ရန်အတွက် စာတတ်မြောက်မှုသည် အဓိကအခရာဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းနေသေးသည့် ဒေသများတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအပါအဝင် လိုအပ်လျက်ရှိသည့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးအစီအစဉ်များကို ဖော်ဆောင်ပေးနိုင်ရန်အတွက် အရေးကြီးပါကြောင်း။

အနာဂတ်မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ မည်သည့်အရပ်ဒေသတွင်မဆို တန်းတူညီမျှမှုရရှိစေရေးသည် အဓိကလိုအပ်နေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့သည့် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (National Education Strategic Plan-NESP) ၂၀၁၆-၂၀၂၁ ကို ပြည်သူများနှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးမြင့်မားပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူသားအရင်းအမြစ်၊ လူသားကောင်းများဖြစ်ပေါ်လာအောင် ပြည်သူနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ထို့နောက် ၂၀၁၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသား ကော်မရှင် အတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်က ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး"သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဂီတအနုပညာဖြင့် ဖျော်ဖြေတင်ဆက်သည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် နိုင်ငံတကာ စာတတ်မြောက်ရေးအထိမ်းအမှတ် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗြိတိန်နိုင်ငံတွင်ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်အဖွဲ့သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ အောက်စ်ဖို့ဒ်တက္ကသိုလ် Blavatnik School of Government ၏ ဖိတ်ကြားချက်အရ အောက်စ်ဖို့ဒ်တက္ကသိုလ်၌ စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ ဆွေးနွေးပွဲနှင့်အစည်းအဝေးများသို့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးကဏ္ဍကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတကာတွင် ထိပ်တန်း အဆင့်(၁)မှ (၃၁) အတွင်းရှိ ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံမှ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အကြီးအကဲများတက်ရောက်ခဲ့ကြပြီး ၎င်းတို့ နိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာအတွေ့အကြုံများ၊ Blavatnik School of Government နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် International Civil Service Effectiveness (InCiSE) သုတေသနစီမံကိန်းမှ တွေ့ရှိရသည့် ရလဒ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုတိုင်းတာသည့်နည်းလမ်းများ၊ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းစဉ်များတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်အမြင့်မားဆုံးဖြစ်ပေါ်စေရန် တည်ထောင်သည့် နည်းလမ်းများ၊ နောင်လာမည့်ဆယ်စုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများ ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုအသစ်များနှင့် ၎င်းတို့အား ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မည့်နည်းလမ်းများ၊ In CiSE ညွှန်းကိန်းအချက်အလက်များကို အသုံးပြုကာ နိုင်ငံ့ဝန်ထမ်းစနစ်အား အကောင်းဆုံးမူဝါဒများချမှတ်၍ အသုံးပြုသည့် နည်းလမ်းများ၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍမှ အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ် အခြေခံ၍ ဝန်ထမ်းများအတွက် အကောင်းဆုံးအသုံးပြုနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့်အတူ ဗြိတိန်နိုင်ငံအစိုးရအဖွဲ့မှ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဗြိတိန် Cabinet Office ရှိ Civil Service Commission, National School of Government International, Implementation Unit တို့မှ အကြီးအကဲများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းစသည့် ဝန်ထမ်းရေးရာ ခံစားခွင့်များ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်းဘတ်စ်ကားများ အစီး ၁၈၀ ကျော် အပ်နှံရန် အဆိုပြုထား

**ရန်ကုန် စက်တင်ဘာ ၈**

YBS ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ရာ လက်ရှိတွင်အစီး ၁၈၀ ကျော် အပ်နှံရန် အဆိုပြုထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲလျက်ရှိသည့် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ရှိရာ စက်တင်ဘာလ ပထမပတ်အတွင်း အစီးရေ ၁၈၃ စီးကျော် အပ်နှံရန် အဆိုပြုလာမှုရှိကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအား အပ်နှံ၍ လူစီးယာဉ်စလစ်ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ကို အပ်နှံမှုလက်ခံပေးသွားမည်ဟု သိရသည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ အစီး ၄၀၀၀ ဝန်းကျင်ခန့်ရှိပြီး အပ်နှံပြီး ဘတ်စ်ကားဟောင်းများနေရာတွင် လက်ရှိအစိုးရက ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီတို့က ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀ ကျော် အပါအဝင် ယာဉ်သစ် အစီး ၂၆၀၀ ခန့် ဝင်ရောက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(ဝဝ၁)**

# ရခိုင်ပြည်နယ်အရေးနှင့် လုံခြုံရေးအမြင် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

Myawaddy Media Group မှ စီစဉ်ပြုလုပ်သည့် ရခိုင်ပြည်နယ်အရေးနှင့် လုံခြုံရေးအမြင် Talk on Rakhine Issue and Security Outlook စကားဝိုင်းဆွေးနွေးပွဲအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ Mini Theatre Room ၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် နောက်ခံသမိုင်းကြောင်းဖြစ်ရပ်များ၊ ဘက်စုံစစ်ပွဲအသွင် ဆင်နွှဲလာသော ရခိုင်ပြည်နယ်အရေးကိစ္စ၊ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများအား ရခိုင်ဒေသဖြစ်ရပ်များနှင့် နှိုင်းယှဉ်သုံးသပ်ခြင်း၊ ပြဿနာကို မည်သို့ဖြေရှင်းမလဲစသည့် ခေါင်းစဉ်များဖြင့် နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်နှင့် ပြင်သစ်နိုင်ငံ အရှေ့တိုင်းပညာရပ်များ သုတေသနဌာန (EFEO) ဒေါက်တာ ဂျာ့က်ပီလိုက်ဒါ ညွှန်ကြားရေးမှူးချုပ် ပြင်သစ်ယဉ်ကျေးမှုဌာနတို့နှစ်ဦးက အမျိုးသားလုံခြုံရေးရှုထောင့်မှ အပြန်အလှန်ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံရေးသုတေသီများ၊ သမိုင်းပညာရှင်များ၊ နိုင်ငံ့အရေး၊ အမျိုးသားရေး၊ ရခိုင်ပြည်နယ်အရေးစိတ်ပါဝင်စားသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်လေ့လာခဲ့ကြပြီး နိုင်ငံရေးသုတေသီများနှင့် သမိုင်းပညာရှင်များကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယမန်နေ့ကလည်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Gandamar Wholesale Grandballroom တွင် ရခိုင်ပြည်နယ်အရေး-ဆွေးနွေးမှုမှအဖြေရှာ (Talk on Rakhine Issue: Discussion on Finding Solutions) စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး နိုင်ငံတကာရေးရာသုတေသီ ဦးကိုကိုလှိုင်နှင့် ပြင်သစ်နိုင်ငံအရှေ့တိုင်းပညာရပ်များ သုတေသနဌာန(EFEO) ဒေါက်တာ ဂျာ့က်ပီလိုက်ဒါတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး နိုင်ငံရေးသုတေသီများနှင့် သမိုင်းပညာရှင်များက ပါဝင်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# နေရပ်စွန့်ခွာတိမ်းရှောင်လာသူများအတွက် ရိက္ခာပို့ရဟတ်ယာဉ် ရာသီဥတုအခြေအနေကြောင့် အရေးပေါ်ဆင်းခဲ့ရသော်လည်း ဆက်လက်ပို့ဆောင်နိုင်ခဲ့

**စစ်တွေ စက်တင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်လိုက်ပါလာသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် စုရပ်များသို့ ရိက္ခာပို့ဆောင်ပေးလျက်ရှိသော တပ်မတော်ရဟတ်ယာဉ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် စစ်တွေမြို့မှ မောင်တောဒေသ တပ်ချောင်းကျေးရွာသို့ စားနပ်ရိက္ခာပို့ဆောင်ရန် ထွက်ခွာပျံသန်းလာစဉ် ရာသီဥတုအခြေအနေကြောင့် ကျီးကန်းပြင်၌ အရေးပေါ် ဆင်းသက်ခဲ့ရသော်လည်း စားနပ်ရိက္ခာများကို ဆက်လက်ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

"အခုလို ရာသီဥတုဆိုးရွားနေတဲ့အချိန်မျိုးမှာ ကျွန်တော်တို့ရွာထိ စားနပ်ရိက္ခာတွေကို လာရောက်ပို့ဆောင်ပေးတဲ့အတွက် အလွန်ပဲဝမ်းသာသလို ကျေးဇူးလည်း တင်ပါတယ်။ ဒီကျေးရွာမှာ အဓိက တောင်ယာတို့၊ လယ်တို့ လုပ်ကိုင်စားသောက်ကြတယ်ဆိုပေမယ့် မတည်ငြိမ်တဲ့ အခြေအနေတစ်ရပ်ကြောင့်ရယ်၊ မိုးတွင်းကာလဖြစ်တာရယ် စားနပ်ရိက္ခာဖူလုံမှုမရှိတာကြောင့် ခုချိန်မှာ ပြည်သူတွေ အခက်အခဲဖြစ်နေကြရပါတယ်။ ကျွန်တော်တို့ရွာအနေနဲ့ ဆား၊ ငါးပိ၊ အချိုမှုန့်၊ ဆေးလိပ်၊ ကွမ်းကအစ အခက်အခဲဖြစ်နေတဲ့အချိန်မှာ ဝန်ကြီးချုပ်တို့အဖွဲ့အနေနဲ့ အခုလိုစားနပ်ရိက္ခာတွေကို ပို့ဆောင်ပေးတဲ့အတွက် ပြည်သူတွေကလည်း ကျေးဇူးတင်မဆုံးဖြစ်ကြပါတယ်။ လုံခြုံရေးအတွက်ကတော့ ဒီကျေးရွာမှာ ပြည်သူ့စစ်လည်းရှိပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့လည်းရှိတော့ သိပ်စိုးရိမ်စရာမရှိပါဘူး။ အဓိကစားနပ်ရိက္ခာနဲ့ အဝတ်အထည်၊ အသုံးအဆောင် အခက်အခဲဖြစ်နေတာပါပဲ"ဟု မောင်တောဒေသတပ်ချောင်းကျေးရွာမှ ဦးလှထွန်းကျော်က ပြောသည်။



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဒေသခံတိုင်းရင်းသားများအား ခင်မင်ရင်းနှီးစွာ နှုတ်သိမ့်အားပေးစဉ်။**

ယနေ့ ဝန်ကြီးချုပ်နှင့်အဖွဲ့ စားနပ်ရိက္ခာပို့ဆောင်ကူညီထောက်ပံ့ပေးခဲ့သော နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများစုရပ်မှာ မြို၊ နှင့် ဒိုင်းနက် တိုင်းရင်းသားများ အများစုနေထိုင်သော တပ်ချောင်းကျေးရွာနှင့် မြို၊ ရခိုင်တိုင်းရင်းသားများ အများစုနေထိုင်သော သုပဏ္ဏကကျေးရွာတို့ဖြစ်သည်။ ယင်းစုရပ်များသို့ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ကျန်းမာရေးအထောက်အကူပြုဆေးပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်သော အဝတ်အထည်နှင့် ဖိနပ်တို့လည်း ကူညီထောက်ပံ့ပေးခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသော စုရပ်နေရာများသို့ ပြည်ထောင်စုအစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပူးပေါင်းကာ စားနပ်ရိက္ခာများကို နေ့စဉ်ရက်ဆက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ တချို့ဒေသခံတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများသို့ နှစ်ကြိမ်အထိ ပို့ဆောင်ကူညီပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ကားလမ်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြုပြင်မွမ်းမံလျက်ရှိရာ အဆိုပါလမ်းများချောမွေ့သွားပါကလည်း စားနပ်ရိက္ခာများ ထပ်မံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေရပ်စွန့်ခွာတိမ်းရှောင်တိုင်းရင်းသားများအတွက် ယနေ့ စားနပ်ရိက္ခာများ သွားရောက်ကူညီထောက်ပံ့ပေးသော ခရီးစဉ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သိရသည်။

**(သတင်းအဖွဲ့)**

# ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူကြသည့် သတင်းအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၈**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းများရယူနိုင်ရန် ပြည်တွင်းပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မောင်တောမြို့မှ မော်တော်ယာဉ်များဖြင့် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ စစ်တွေမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။



ပြည်တွင်း၊ ပြည်ပ မီဒီယာအဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ မောင်တောမြို့ပေါ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသူများ ခေတ္တခိုလှုံနေထိုင်သည့်နေရာများ၊ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားမှုမရှိဘဲ တည်ငြိမ်အေးချမ်းသည့် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့်နေရာများ၊ တိုင်းရင်းသားများ နေထိုင်နေသည့် မောရဝတီကျေးရွာ၊ အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ခုခံတွန်းလှန်နိုင်ခဲ့သည့် အလယ်သံကျော်နယ်ခြားစောင့်စခန်း၊ မီးလောင်ပျက်စီးနေသည့် ကျေးရွာများနှင့် မောင်တောမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုး ကာရံထားမှု စသည်တို့ကို သတင်းရယူခဲ့ကြသည်။

သတင်းမီဒီယာအဖွဲ့တွင် အေပီ၊ အင်န်အိတ်ချ်ကေ၊ ဘီဘီစီ၊ တီဘီအက်ဖ်စ်၊ အာရ်အက်ဖ်အေ၊ အီးပီအေ၊ ဆွစ်တီဗွီ၊ အယ်လ်ဂျာဇီးယား၊ စီအင်န်အေ၊ မဇ္ဈိမ၊ မြန်မာတိုင်းမ်၊ စီအင်န်ဘီ၊ အမ်ဒီအင်န် စသည်တို့မှ သတင်းသမား ၂၅ ဦး ပါဝင်သည်။

**(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကွင်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့လျှပ်စစ်မှူး ဦးဝင်းဗိုလ် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက စက်တင်ဘာ ၃ ရက်တွင် စစ်ကွင်းမြို့ မြောက်ရပ်ကွက် ရွာမတန်းလမ်း၌ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သည့် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(၄၉၇)**

# နိုင်ငံတော်အတိုင်ပင်ခံရုံး ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ စစ်တွေမြို့ရှိ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံဆွေးနွေး

**စစ်တွေ စက်တင်ဘာ ၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက် သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် စစ်တွေမြို့တွင် ယာယီတိမ်းရှောင်ခိုလှုံလျက်ရှိသော ပြည်သူများအတွက် အလှူငွေများ သွားရောက်ပေးအပ်လှူဒါန်းကြသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ မဏိရတနာကျောင်းတိုက်နှင့် အလိုတော်ပြည့်ကျောင်းများသို့ သွားရောက်ပြီး ဆရာတော်များထံမှ ဩဝါဒခံယူကာ မောင်တောဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်ခိုလှုံနေသူများအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ မင်းသူရိယခန်းမ၌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့်အတူ ဒေသခံတိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးအပြီးတွင် ဒုတိယဝန်ကြီးက ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် လတ်တလော ကူညီထောက်ပံ့ပေးနေမှု အခြေအနေ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည့် နယ်မြေလုံခြုံရေး၊ တည်ငြိမ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းပါက ဆက်လက်လုပ်ဆောင်သွားမည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**တင်မောင်လွင်၊ မင်းထက်အောင်**
**ဓာတ်ပုံ-မောင်မွေး**

# မောင်တောဒေသသို့ စားနပ်ရိက္ခာများ ပို့ဆောင်ရာတွင် အသုံးပြုရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကား ၁၀ စီး လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၈**

မောင်တောဒေသသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ရန်ကုန်မြို့ရှိ MCM ကုမ္ပဏီမှ Foton ကား ၁၀ စီး ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။




အဆိုပါ ပေးအပ်လှူဒါန်းပွဲသို့ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း တက်ရောက်လက်ခံရယူသည်။

အဆိုပါကားများဖြင့် မောင်တောဒေသသို့ စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ဆောင်ပြီး ယနေ့တွင် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် စားဝတ်နေရေး ခက်ခဲနေကြသော ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သော စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုနိုင်ရန် ယခုကဲ့သို့ လာရောက်လှူဒါန်းခြင်းဖြစ်ပြီး ကားတစ်စီးလျှင် ငွေကျပ်သိန်း ၁၅၀ ကျော်တန်ဖိုးရှိကြောင်း MCM ကုမ္ပဏီမှ မော်တော်ယာဉ်တာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

**မင်းထက်အောင်၊ တင်မောင်လွင်**
**ဓာတ်ပုံ-မောင်မွေး**

# ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာ တိမ်းရှောင်လာသူများအတွက် ချမ်းမြေ့ရွှေပြည်ဖောင်ဒေးရှင်းအဖွဲ့မှ သွားရောက်လှူဒါန်းအားပေး

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသူများအတွက် စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်သည် ၎င်းရေးသားထုတ်ဝေသော "အက်တိုးပစ်အပျိုစင်" လုံးချင်းဝတ္ထုကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် 'Artificial Virgin' စာအုပ်နှင့် မဲခေါင်စာပေဝတ္ထုရှည်ဆုရရှိမှုအတွက် ဆုချီးမြှင့်ငွေတို့ဖြင့် အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးများ၊ စိတ်ခွန်အားဖြည့် စာအုပ်စာစောင်များနှင့် ကယ်ဆယ်ရေးစခန်းအတွင်း အိမ်သာများ ဆောက်လုပ်ရန် အလှူငွေတို့ကို ချမ်းမြေ့ရွှေပြည်ဖောင်ဒေးရှင်းနှင့်အတူ စက်တင်ဘာ ၅ ရက်က ကိုယ်တိုင်သွားရောက် လှူဒါန်းခဲ့သည့်အပြင် နေရပ်စွန့်ခွာတိမ်းရှောင်လာသူများကိုလည်း အားပေးစကားပြောကြားခဲ့သည်။

မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်က ကျန်းမာရေး၊ လူမှုရေး ပညာပေးအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌအဖြစ် ဦးစိုးသန်းထွန်း တာဝန်ယူဆောင်ရွက်နေသော ချမ်းမြေ့ရွှေပြည်ဖောင်ဒေးရှင်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ်သိန်း ၃၀၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော သရက်တောကျောင်းနှင့် မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတို့အား တစ်ကျောင်းလျှင်ငွေကျပ် ၁၆ သိန်းစီ၊ မောင်တောဒေသ တောင်ပြိုလက်ဝဲမြို့နယ်သာတောင် အခမဲ့ပညာဒါန ပရဟိတဆရာတော်အား ငွေကျပ် ၂၀ သိန်း၊ ကယ်ဆယ်ရေးစခန်းများတွင် နှစ်ခန်းတွဲအိမ်သာများ ဆောက်လုပ်ရန် ငွေကျပ် ၁၂ သိန်းအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၉၅ သိန်းအပြင် အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်နှင့် ဆေးဝါးများလည်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**✳ နတ်ချစ်တောင်မှ**

"နတ်ချစ်တောင် ရွှေသမင်ဘေးမဲ့ဥယျာဉ်ကို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က စတင်တည်ထောင်ခဲ့တာ အခုလက်ရှိမှာ ရွှေသမင် ၁၀ ကောင်လောက်အထိ တိုးပွားနေပါပြီ။ ရှားပါးလာပြီဖြစ်တဲ့ ရွှေသမင်တွေကို တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာနနဲ့ ရွှေသမင်ချစ်မြတ်နိုးသူတွေ စုပေါင်းဝိုင်းဝန်းထိန်းသိမ်းနေတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ရွှေသမင်များအား ပြုစုထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေနှင့် ရွှေသမင်များ မျိုးဆက်ပြန့်ပွားလာမှုအခြေအနေများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်သည် စက်တင်ဘာ ၆ ရက်က နတ်ချစ်တောင် ရွှေသမင်ဘေးမဲ့ဥယျာဉ်သို့ လာရောက်ကြည့်ရှုစစ်ဆေးကာ ရွှေသမင်များရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်သည် တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံးတွင် မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ညွှန်ကြားရေးမှူးရုံးတို့မှ တောလုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများကိုတွေ့ဆုံခဲ့သည်။

"ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်မားဖို့ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ကောင်းလာစေဖို့ စည်းစည်းလုံးလုံးပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်သလို မျက်မှောက်ကာလ ပြောင်းလဲမှုတွေမှာ ကောင်းမွန်တဲ့အရွေ့ရရှိအောင် တက်ညီလက်ညီ လိုက်ပါဆောင်ရွက်ကြဖို့လိုပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မုံရွာစက်မှုဇုန်သို့ သွားရောက်၍ သစ်အချောထည်စက်ရုံများ လည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**☆ အာဆီယံ ယူ-၁၈ မှ**

ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့ပြီး ကမ္ဘောဒီးယားအသင်းမှာမူ အုပ်စုမှထွက်ရန် သေချာသွားခဲ့သည်။

ပထမပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းအတွင်းရေများဝပ်နေသောကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး ထိုင်းအသင်းသည် ခြေအသာမရခဲ့ပေ။ ထိုင်းအသင်းသည် ကမ္ဘောဒီးယားထက် ပိုဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေခြင်း၊ ထိရောက်သည့်ဂိုးသွင်းခွင့်များ မဖန်တီးနိုင်ခြင်းတို့ကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ထိုင်းအသင်းမှ သွင်းယူသည့်တစ်ဂိုးမှာ လူကျွံဘောအဖြစ် သတ်မှတ်ခံရသလို အဝေးမှကန်သွင်းချက်မှာလည်း ဂိုးဘားထိထွက်သွားသောကြောင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်း တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့ပြီး ဒန်နူဆွန်က သွင်းယူခဲ့သည်။ နောက်ပိုင်းတွင် ထိုင်းအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ဂိုးထပ်မသွင်းနိုင်သောကြောင့် တစ်ဂိုးတည်းဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ညနေ ၆ နာရီတွင် ကျင်းပသည့် ဒုတိယပွဲတွင် မလေးရှားအသင်းက တီမောအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပုံမှန်ခြေစွမ်းရနေသည့် မလေးရှားအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားသွားခဲ့ပြီး သုံးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မလေးရှားအသင်းအတွက်ဂိုးများကို ရှစ်မိနစ်တွင် ရှာရှစ်၊ ၅၆ မိနစ်တွင် ဂျိုဟာရီ၊ ၉၀+၃ မိနစ်တွင် အဇီလန်တို့က သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် စင်ကာပူအသင်းက လာအိုအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ စင်ကာပူအသင်းသည် ဒုတိယမြောက်နိုင်ပွဲရယူခဲ့ပြီး ယခုပွဲရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး ထိုင်းနှင့်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ စင်ကာပူအသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် ဒန်နီရယ်၊ ၄၂ မိနစ်တွင် ဂျာမေးလ်၊ ၈၁ မိနစ်တွင် အာဒန်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(က)၌ မလေးရှားနှင့် ထိုင်းတို့က ကိုးမှတ်စီ၊ စင်ကာပူအသင်းက ခြောက်မှတ်၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့က တစ်မှတ်စီ၊ လာအိုအသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

စက်တင်ဘာ ၉ ရက်တွင် အုပ်စု (ခ) တတိယနေ့ကို သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# မနက်မိုးလင်းရင် မီးလေးလှုံပြီးနေရတဲ့ ကိုယ့်ဒေသကို အမြန်ဆုံးပြန်ချင်တယ်

အဘွား ဒေါ်နှင်းညို

**ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စက်တင်ဘာ ၇ ရက်အထိ မောင်တောဒေသမှ စစ်တွေမြို့သို့ ခေတ္တနေရပ်စွန့်ခွာလာသူဦးရေ ၄၀၀၀ ကျော်ရှိပြီး ၎င်းတို့၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရန် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းတွင် နေရာချထားပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**


ဦးသုမင်္ဂလ


ဦးကျော်လှထွန်း


ဦးကျော်မင်း


အဘွားဒေါ်နှင်းညို


ဦးစံမောင်သိန်း

သြဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၇ ရက်အထိ သက်ဆိုင်ရာတာဝန်ရှိသူများက ကောက်ယူရရှိသော စာရင်းများအရ မောင်တောဒေသမှ စစ်တွေမြို့သို့ လာရောက်ခိုလှုံသူ အရေအတွက်မှာ အိမ်ထောင်စုပေါင်း ၁၃၂၂ စုမှ အမျိုးသား ၁၉၀၄ ဦးနှင့် အမျိုးသမီး ၂၇၄၁ ဦး စုစုပေါင်း ၄၆၄၅ ဦးရှိကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာလာကြသူများ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ လတ်တလောကူညီဖြေရှင်းပေးနေမှုအခြေအနေနှင့် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများ၏ ရင်တွင်းခံစားမှုများကို မေးမြန်းဖော်ပြလိုက်ပါသည်။

**ဦးသုမင်္ဂလ**
**မွှာရာမကျောင်းတိုက်ဆရာတော်**

ဘုန်းဘုန်းကျောင်းမှာ နေရပ်စွန့်ခွာလာသူ ၂၆၈ ဦးကို လက်ခံထားပါတယ်။ လောလောဆယ်သူတို့အတွက် မနက်အစောစာ လက်ဖက်ရည်နဲ့မုန့်၊ နေ့လယ်စာနဲ့ ညစာကိုတော့ ထမင်းကျွေးထားပါတယ်။ ပြည်နယ်အစိုးရကလည်း ထောက်ပံ့ပေမယ့် ဘုန်းဘုန်းကျောင်းက ဒါယကာ ဒါယိကာမတွေများတဲ့အတွက် လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေကများတယ်။ ဘုန်းဘုန်းကျောင်းမှာ လိုအပ်နေတာကအိမ်သာပါ။ ဒါတွေကိုလည်း စည်ပင်နဲ့ ပုဂ္ဂလိက အလှူရှင်တစ်ဦးကနေလာပြီး လှူဒါန်းဆောက်လုပ်ပေးထားပါပြီ။ ဒီကျောင်းမှာ ရောက်နေသူတွေထဲက ပညာသင်ကြားနေတဲ့ ကလေးတွေ စာနဲ့ဝေးနေမှာစိုးလို့ စာဆက်သင်လို့ရအောင် ဘုန်းဘုန်းကျောင်းနဲ့နီးတဲ့ စာသင်ကျောင်းမှာ ကျောင်းအပ်ပေးဖို့ ကြိုးစားနေပါတယ်။ ဒီမှာရောက်လာကြတဲ့ နေရပ်စွန့်ခွာသူ ဒါယကာ ဒါယိကာမတွေကိုလည်း နယ်မြေအေးချမ်းရင် ကိုယ့်ဒေသကို ပြန်နေကြဖို့ မိန့်ကြားထားပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့လည်း သူတို့နေရာတွေကို အေးအေးချမ်းချမ်းနဲ့ ပြန်နေလို့ရအောင် အမြန်ဆုံးပြန်လုပ်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးကျော်လှထွန်း**
**(ပြည်နယ်ဥပဒေချုပ်)**
**အလှူငွေလက်ခံဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ**

နေရပ်စွန့်ခွာပြီး စစ်တွေယာယီစခန်းအသီးသီးကို ရောက်ရှိခိုလှုံနေသူတွေအတွက် လောလောဆယ် နေထိုင်စားသောက်ဖို့နဲ့ ကျန်းမာရေးအတွက် နေ့စဉ်ကူညီထောက်ပံ့ပေးနေပါတယ်။ လက်ရှိမှာ လူတစ်ဦးကို နေ့စဉ် ငွေကျပ် ၁၅၀၀ နှုန်း ထောက်ပံ့ပေးနေတဲ့အပြင် ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း ထောက်ပံ့ကူညီပေးနေတာတွေ ရှိပါတယ်။ ဒါ့အပြင် တချို့စေတနာရှင်တွေနဲ့ အဖွဲ့အစည်းအသီးသီးကလည်း ယာယီစခန်းတွေကို ကိုယ်တိုင်သွားပြီး ထောက်ပံ့လှူဒါန်းတာတွေ ရှိပါတယ်။ ယာယီစခန်းအသီးသီးမှာ လူဦးရေကပိုများတဲ့အတွက် အိမ်သာတွေဆောက်ပေးနေတဲ့အပြင် သူတို့ရဲ့ စိတ်ဓာတ်တွေ တက်ကြွပျော်ရွှင်စေဖို့ ဖျော်ဖြေရေးအနေနဲ့ ရုပ်မြင်သံကြားစက်တွေကိုပါ စီစဉ်ပေးထားပါတယ်။

ဒီကိစ္စက အချိန်ကာလဘယ်လောက်ကြာရှည်မယ်ဆိုတာ မသိနိုင်ဘူး။ ရေရှည်မှာ ပြန်လည်ထူထောင်ရေးအတွက်လည်း လုပ်ဆောင်ပေးရဖို့ရှိသေးတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က လှူဒါန်းလာကြတဲ့ငွေနဲ့ ပစ္စည်းတွေကို ကျွန်တော်ဦးဆောင်တဲ့ လက်ခံဖြန့်ဖြူးရေးကော်မတီဖွဲ့စည်းပြီး စနစ်တကျ လက်ခံဖြန့်ဖြူး ထောက်ပံ့ပေးလျက်ရှိပါတယ်။ သုံးစွဲတဲ့ကဏ္ဍအလိုက် ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြအဆုံးအဖြတ်ခံယူပြီးမှ သုံးစွဲနေပါတယ်။

**ဦးကျော်မင်း(ပြည်နယ်ဦးစီးမှူး)**
**ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**

ကျွန်တော်တို့ဌာနက သြဂုတ် ၂၇ ရက်ကစပြီး စက်တင်ဘာ ၅ ရက်အထိ အရေးပေါ်ဆောင်ရွက်ပေးနေတဲ့ စားနပ်ရိက္ခာတွေအတွက် ငွေကျပ်သိန်းပေါင်း ၂၀၀ ကျော် ထောက်ပံ့လှူဒါန်းထားပါတယ်။ အနယ်နယ်အရပ်ရပ်က ထောက်ပံ့ကြတဲ့ ပစ္စည်းနဲ့ငွေတွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်နဲ့ ပြည်နယ်ဥပဒေချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ပြည်နယ်အစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် ပါဝင်တဲ့ ထောက်ပံ့ငွေနှင့် ပစ္စည်းလက်ခံဖြန့်ဖြူးရေး ကော်မတီကို ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နေပါတယ်။ လှူဒါန်းတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ဌာနရဲ့ ဂိုဒေါင်တွေမှာ ထားရှိပြီး ငွေကိုတော့ မြန်မာ့စီးပွားရေးဘဏ်မှာ အကောင့်ဖွင့်အပ်နှံပြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ဆောင်ရွက်နေပါတယ်။

**အဘွားဒေါ်နှင်းညို(၉၆)နှစ်**
**မောင်တောမြို့နယ် ဥဒေါင်းကျေးရွာ**

ဒီကို ရောက်လာတာ ၁၀ ရက်လောက်ရှိပါပြီ။ အခုလို အဆင်ပြေအောင် ကျွေးမွေးစောင့်ရှောက်ပေးတာ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီမှာနေရတာ အဆင်ပြေပေမယ့် ကိုယ့်အိမ်ပဲ ကိုယ်ပျော်တယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကြောက်လို့ ထွက်ပြေးလာတာဆိုတော့ မပျော်လည်းနေ၊ ပျော်လည်းနေရမှာပေါ့။ ဒီမှာနေရတာ အဆင်ပြေတယ်ဆိုပေမယ့် မနက်မိုးလင်းတာနဲ့ မီးလေးလှုံပြီးနေရတဲ့ ကိုယ့်ဒေသကို အမြန်ဆုံးပြန်ချင်တယ်။ အခုဒီကို သားအမိနှစ်ယောက်လာခဲ့တာပါ။ ပြီးခဲ့တဲ့နှစ် ၂၀၁၆ တုန်းကလည်း ဒီလိုအကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် ဒီလိုပဲ ထွက်ပြေးလာခဲ့ရဖူးတယ်။ သူတို့တွေကို မကြောက်မလန့်ဘဲ နေလို့ရအောင် လုံခြုံရေးအတွက်တပ်မတော်သားတွေ များများထားပေးပါလို့ ပြောချင်ပါတယ်။

**ဦးစံမောင်သိန်း**
**မောင်တောမြို့နယ် ဝေသာလီကျေးရွာ**

ကျွန်တော်တို့ရဲ့ စားဝတ်နေရေး လိုအပ်သမျှကို မွှာရာမကျောင်းတိုက်ဆရာတော်ကြီးက ဦးဆောင်ပြီး အဖွဲ့အစည်းအသီးသီးက လာရောက်လှူဒါန်းထောက်ပံ့ပေးနေတာ လိုလေသေး မရှိအောင်ပါပဲ။ အခုလို ဒုက္ခရောက်နေတဲ့အချိန်မှာ စောင့်ရှောက်ကူညီပေးတဲ့အတွက် အတိုင်းအတာမရှိ ကျေးဇူးတင်ပါတယ်။ ဒီမှာ နေထိုင်ရတာ စားဝတ်နေရေး ပြည့်စုံလို့ နေ့ဘက်မှာ ပျော်ရွှင်ရပေမယ့် ညဘက်ရောက်ရင်တော့ ကိုယ့်ဒေသနဲ့ ကျန်ခဲ့တဲ့ပစ္စည်းတွေကို သတိရပြီး ဘယ်အချိန် အိမ်ပြန်နေရမလဲလို့ တွေးပြီး အိပ်မပျော်တဲ့ ညတွေလည်း များပါပြီ။ ဒီမှာ ရောက်ရှိနေကြတဲ့ ကျွန်တော်တို့ဒေသက လူတွေအားလုံး တည်ငြိမ်အေးချမ်းသွားရင် ကိုယ့်ဒေသကို အမြန်ဆုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်နေချင်ကြတဲ့သူတွေချည်းပါပဲ။

တွေ့ဆုံမေးမြန်း-မင်းထက်အောင်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက နေအိမ်များအား ဆက်လက်မီးရှို့၊ အကြမ်းဖက်တိုက်ခိုက်မှုတွင်ပါဝင်သူ ၁၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

မောင်တောမြို့နယ် ဒိုးတန်းကျေးရွာမှ ဖမ်းဆီးရမိ တရားခံ ၁၁ ဦး၏ မှတ်တမ်းဓာတ်ပုံ


အဒူနော်ဘီ (၂၀)နှစ်


အေနာဒူလာ (၂၅)နှစ်


ဟာဘီရာမာန် (၇၅)နှစ်


ဟာဘီဇူလာ (၅၀)နှစ်


မာမောက်အဏ္ဏာဝါ (၄၀)နှစ်


ရော်ဖီးအုလာ (၃၄)နှစ်


နာဇီဟူဆောင်း (၆၄)နှစ်


ဆန်နာမူလာ (၃၇)နှစ်


ဇော်ဘော် (၅၄)နှစ်


ဆန်နာမူလာ (၂၇)နှစ်


ဇူဘိုင် (၃၀)နှစ်

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အကြမ်းဖက် တိုက်ခိုက်ရာတွင် ပါဝင်သူ ၁၃ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ကျေးရွာအချို့မှ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ဒိုးတန်းကျေးရွာ၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီခွဲက အကြမ်းဖက်တိုက်ခိုက်ရာတွင်ပါဝင်သည့် မာမောက်အဏ္ဏာဝါ(ဘ)ဆူလေမန် ဒိုးတန်းကျေးရွာနေသူ အပါအဝင် ၁၁ ဦးအား ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ပို့ဆောင်၍ အကြမ်းဖက်မှုဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် စက်တင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲတွင် ဇင်ပိုင်ညာကျေးရွာလမ်းဆုံ၌ အကြမ်းဖက်တိုက်ခိုက်ရာတွင် ပါဝင်သည့် မာမတ်အာရစ်(ဘ)လာမျှားပါ နှစ်ဦး အီတာလျာကျေးရွာနေသူတို့အား ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အကြမ်းဖက်မှုဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ဂေါ်ဒူသာရ(အရှေ့) ကျေးရွာရှိ နေအိမ်များ စက်တင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုသတင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေအိမ်မီးရှို့သူများအား လိုက်လံစုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းမီးလောင်မှုဖြစ်စဉ်ကြောင့် နေအိမ်အလုံး ၃၀ ခန့် မီးလောင်ခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် စက်တင်ဘာ ၇ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့နယ် ကြိမ်ချောင်းမြောက်ကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သော်လည်း နေအိမ် ငါးလုံးသာ မီးလောင်ခဲ့သည်။

ရခိုင်ပြည်နယ် မြောက်ခြမ်းဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုမှာ သြဂုတ် ၂၅ ရက်တွင် နှစ်ဦး၊ သြဂုတ် ၂၉ ရက်တွင် နှစ်ဦး၊ သြဂုတ် ၃၀ ရက်တွင် လေးဦး၊ သြဂုတ် ၃၁ ရက်တွင် ခုနစ်ဦး၊ စက်တင်ဘာ ၂ ရက်တွင် တစ်ဦး၊ စက်တင်ဘာ ၃ ရက်တွင် ၁၂ ဦး၊ စက်တင်ဘာ ၅ ရက်တွင် သုံးဦး၊ စက်တင်ဘာ ၆ ရက်တွင် ခြောက်ဦး၊ စက်တင်ဘာ ၇ ရက်တွင် ၁၃ ဦး စုစုပေါင်း ၅၀ ဖြစ်ပြီး ၎င်းတို့အား သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၌ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာလမ်းဆုံ၌ ဖမ်းဆီးရမိသည့် တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ**


မာမတ်အာရစ် (ဘ)လာမျှား


အဒူလာ (ဘ)နူရ်အိစ္စလာမ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ လွန်ချမ်းသာ

# အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီဆောင်ရွက်ကြမှသာ ပြည်သူကယုံကြည်အားကိုးသည့် ဥပဒေအရာရှိဖြစ်လာမည်ဟုယုံကြည်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြောကြား

**မုံရွာ စက်တင်ဘာ ၈**

ယနေ့အချိန်၌ လွှတ်တော်အစိုးရနှင့်ပြည်သူတို့က တရားစီရင်ရေးကဏ္ဍကို အားမလိုအားမရဖြစ်နေချိန်တွင် ဥပဒေအရာရှိများက အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြမှသာ ပြည်သူက ယုံကြည်အားကိုးသည့် ဥပဒေအရာရှိများ ဖြစ်လာမည်ဟုယုံကြည်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ကျင်းပသည့် တိုင်းဒေသကြီး ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြောကြားသည်။



"နိုင်ငံရဲ့ကဏ္ဍကြီးသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်ကြတဲ့ဥပဒေအရာရှိတွေရဲ့ အခန်းကဏ္ဍဟာအရေးပါတဲ့အတွက် ဥပဒေအရာရှိတွေဟာအရည်အသွေးကောင်းမွန်နေရပါမယ်။ အဂတိတရားကင်းရှင်းရမှာဖြစ်ပြီး ကျင့်ဝတ်သိက္ခာနဲ့အညီ နေထိုင်ကျင့်ကြံကြရမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သယံဇာတခိုးယူမှုတွေ၊ သစ်တောအမှုတွေ သတ္တုတွင်းအမှုတွေ လိုက်ပါဆောင်ရွက်တဲ့နေရာမှာ နောင်ကြဉ် ဟန့်တားလောက်တဲ့ ပြစ်ဒဏ်ရရှိရေးကို အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီအမှုတွေမှာ ပြစ်မှုနဲ့ပြစ်ဒဏ်မျှတမှုမရှိရင်ဖြစ်စေ၊ အသုံးပြုတဲ့ယာဉ်၊ ပစ္စည်းတွေကို အကျိုးအကြောင်း ဆီလျော်မှုမရှိဘဲ ပိုင်ရှင်ကိုပြန်ပေးစေဖို့ အမိန့်ချမှတ်ထားရင်ဖြစ်စေ၊ တရားခံကို လွှတ်ရင်ဖြစ်စေ ပြင်ဆင်မှုတွေ အယူခံမှုတွေတင်သွင်းကြဖို့နဲ့ ဒါကိုတိုင်းဒေသကြီးအစိုးရရဲ့ မူဝါဒတစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြဖို့ လိုပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

"ကျွန်တော်တို့ ဥပဒေအရာရှိတွေဆိုတာက အုပ်ချုပ်ရေးကဏ္ဍကို ကူညီဆောင်ရွက်ပေးနေရပါတယ်။ အမှုအလိုက် တရားစီရင်ရေးကဏ္ဍမှာလည်း ပါပါတယ်။ ရေးဆွဲရေးမှာ ဖိတ်ကြားလာရင်ဆောင်ရွက်ရပါတယ်။ တရားစီရင်ရေးမှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါဆောင်ရွက်ရတာပါ။ တကယ်လို့ အမိန့်တစ်ခုဟာ မှားတယ်လို့ထင်ရင်တရားမျှတမှုမရှိပါဘူး။ အယူခံမှုတွေ၊ ပြင်ဆင်မှုတွေပေးရင်းနဲ့ တရားမျှတမှုကို ရှာဖွေနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသန့်စင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# အချက်ပြမီး မှန်ကန်မှုရှိစေရန် လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၈**

စက်တင်ဘာ ၆ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အမြန်လမ်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အမြန်လမ်းယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် အတူပူးပေါင်း၍ အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်မောင်းများ၊ အငှားယာဉ်မောင်းများ၊ ကုန်တင်ယာဉ်ကြီးများမှ ယာဉ်မောင်းများအား အချက်ပြမီး မှန်ကန်မှုရှိစေရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အဝေးပြေးလမ်းတို့၊ အမြန်လမ်းတို့မှာ ပိုပြီးလိုအပ်တာပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် အမြန်လမ်းကအဓိက ကျတဲ့အတွက် ဌာနဆိုင်ရာတွေစုပေါင်းပြီး ဒီနေ့လာတဲ့ယာဉ်တွေကို ပညာပေးဆောင်ရွက်တာပါ။ ပညာပေးကာလက ၆ လပိုင်းကနေ ၈ လပိုင်းထိလုပ်ပြီးပြီ။ စက်တင်ဘာ ၁ ရက်နေ့ကစပြီး အရေးယူတော့မယ်ဆိုတာ အများသိအောင်ကြေညာပြီးဖြစ်ပါတယ်။ အရေးယူတဲ့အဆင့် မရောက်အောင် ပညာပေးဟောပြောတာတွေ၊ လက်ကမ်းစာစောင်ဝေတာတွေကို ဖိဖိစီးစီးဆောင်ရွက်ခဲ့ပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဦးက ပြောသည်။

၎င်းက ဆက်လက်၍ "မတော်တဆမှုတွေ လျော့နည်းစေချင်တာဖြစ်တဲ့အတွက် ယာဉ်မောင်းတွေကလည်း တိတိကျကျလိုက်နာပေးကြပါ။ လိုက်နာမှုမရှိဘဲ ဥပဒေကိုချိုးဖောက်တယ်ဆိုရင်တော့ မော်တော်ယာဉ်ဥပဒေ (၆၅) အရ ဒဏ်ငွေ ကျပ်သုံးသောင်းထက်မပိုတဲ့ အပြစ်ဒဏ်ချမှတ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့် အချက်ပြပုံများ" အခန်းတွင် မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ထားသော်လည်း အများပြည်သူနှင့်ဆိုင်သော လမ်းများ၊အဝေးပြေးလမ်းမကြီးများပေါ်တွင် မောင်းနှင်နေသော ယာဉ်မောင်းများသည် ယာဉ်ကျော်တက်နိုင်ကြောင်းကို လက်ဝဲဘက်အချက်ပြမီးဖြင့် မှားယွင်းစွာ အသုံးပြုနေသည့်အတွက် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အချို့ကလိုက်နာတယ်။ အချို့က မလိုက်နာဘူး။ ဒါဟာအရေးကြီးပါတယ်။ သူတို့ မှားယွင်းပြီး ခေါင်းထဲမှာ စွဲစွဲမြဲမြဲ ဘယ်ဘက်မီးအချက်ပြကိုပဲ ကျင့်သုံးနေခဲ့တာ အရိုးစွဲနေခဲ့တော့ လိုက်နာဖို့က ဘယ်ဘက်ကိုကွေ့မှာလား။ ကျော်တက်မှာလား အဲဒီလိုတွေ ဝေဝေဝါးဝါးဖြစ်နိုင်တယ်။ ကျွန်တော်တောင် ဘာလုပ်ရမှန်းမသိဖြစ်လို့ ယာဉ်တိုက်မလို သုံးခါလောက်ဖြစ်တယ် "ဟု အဝေးပြေးယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးကပြောသည်။

ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံးတွင် နောက်မှ ကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကြရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(သီသီမင်း)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# မိုးညှင်းပြည်သူ့ဆေးရုံတွင် အချုပ်သားဆေးကုသဆောင်တည်ဆောက်မည့် လျာထားချက်မြေပုံတို့ကို မတင်ပြနိုင်သေး

**မိုးညှင်း စက်တင်ဘာ ၈**

မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အချုပ်သား ဆေးကုသဆောင် တည်ဆောက်နိုင်ရေး သက်ဆိုင်ရာ ပြည်နယ်အဆင့်ဆင့်သို့ တင်ပြနိုင်ရန် ဆေးကုသဆောင်၏ လျာထားချက်မြေပုံတို့ကို မတင်ပြနိုင်သေးသဖြင့် အချုပ်သားလူနာများနှင့် ရဲတပ်ဖွဲ့ဝန်ထမ်းများအတွက် အခက်အခဲဖြစ်နေသေးကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

"ဆေးရုံတက်နေရတဲ့ အချုပ်သားတွေထဲမှာ မီးဖွားနေရတဲ့အချုပ်သားတွေလည်းပါနေတယ်။ အခုလောလောဆယ်တော့ မီးဖွားလူနာတွေဆို သူတို့ရဲ့ခြေထောက်ကို သံခြေချင်းနဲ့ခတ်ထားရတော့ သူတို့အတွက် အဆင်မပြေဘူး။ အချုပ်ဆေးကုသဆောင်အမြန်ရမှသာ မီးဖွားလူနာတွေနဲ့ လုံခြုံရေးဝန်ထမ်းတွေအတွက် အဆင်ပြေနိုင်ပါမယ်"ဟု မိုးညှင်းမြို့မရဲစခန်း ဒု-စခန်းမှူးရဲအုပ်ညွှန့်လှိုင်က ပြောသည်။

မိုးညှင်းအချုပ်ခန်း အတွင်းရှိ အချုပ်ကျလူနာများနှင့် မိုးညှင်းအကျဉ်းထောင်ရှိ လူနာများကို မိုးညှင်းပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသပေးရာ လူနာများအား သံခြေချင်းနှင့် လက်ထိတ်များ ခတ်ထားရပြီး လုံခြုံရေးရဲဝန်ထမ်းများကို တင်းကျပ်စွာထားရှိနေရသေးကြောင်း သိရသည်။

"ဆေးရုံအချုပ်သား ကုသဆောင်အတွက် မြေပုံကြမ်းနဲ့တွက်ချက်မှုတွေရေးဆွဲပေးဖို့ ကျွန်မဆီလာပြီး အကူအညီတောင်းလာလို့ ကူညီရေးဆွဲပေးမှာပါ။ တကယ်တမ်းတော့ ဌာနအနေနဲ့ တာဝန်မရှိပါဘူး။ ကျွန်မတို့ဌာနအနေနဲ့ လမ်း၊တံတားတွေ အရေးပေါ်ပုံကြမ်း တွက်ချက်မှုတွေ ရေးဆွဲနေရလို့ ဆေးရုံအချုပ် ကုသဆောင်အတွက် ကြန့်ကြာနေတာပါ။ အခုကနေစပြီး သုံး၊လေးရက်အတွင်း ပြီးအောင် ရေးဆွဲပေးပါမယ်"ဟု မိုးညှင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်စုစုခိုင်က ပြောသည်။

"အချုပ်ကျလူနာတွေကို ဆေးကုသပေးဖို့ ဆေးရုံအချုပ်ခန်းမြေပုံကြမ်းနဲ့တွက်ချက်မှုတွေကို အထက်ကအမြန်ပေးပို့ပေးဖို့ တောင်းခံထားပါတယ်။ ကျွန်တော်တို့ဌာနကလည်း မြေပုံတွက်ချက်မှုတွေနဲ့ ပတ်သက်လို့ ရေးဆွဲဖို့ဆိုတာ မဖြစ်နိုင်လို့ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး ဦးစီးဌာနကို အကူအညီတောင်းခံထားပါတယ်။ အဲဒါတွေရမှသာ ပြည်နယ်အဆင့်ဆင့်ကို တင်ပြနိုင်မှာပါ"ဟု မိုးညှင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်က ပြောသည်။

အဆိုပါ တင်ပြသွားမည့် ဆေးကုသဆောင် တည်ဆောက်ပြီးပါက အပေါ်ထပ်တွင် HIV လူနာများအတွက် ART စင်တာ၊ အောက်ထပ်တွင် ဂိတ်ဝပ်၊ အပေါ်ထပ်နှင့် အောက်ထပ်တွင် ရေချိုးခန်း၊ အိမ်သာပါရှိပြီး အလျား ၃၆ပေ၊ အနံ ၂၄ ပေရှိ RC အဆောက်အအုံအဖြစ်လျာထားကြောင်း သိရသည်။

**(မင်းမင်းဦး)**



၂၀၁၇ ခုနှစ်တွင် ဖျာပုံခရိုင်၌ မိုးစပါးစိုက်ဧက ၈၂၈၄၆၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ စက်တင်ဘာပထမပတ်အတွင်း ၈၆၂၆၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်၍ လျာထားဧကထက် ၃၄၁၉၇ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၀၄ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်လှိုင်ထံမှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ATM Card အား ဘဏ်စာရင်းဖွင့်ထားသူထံ မပေးအပ်ဘဲ ဘဏ်ငွေစာရင်းမှ ငွေကျပ်သိန်း ၄၀ ထုတ်ယူမှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်နေ ဒေါ်ရှောက်ဟွေ၏ ကမ္ဘောဇဘဏ်တွင် ငွေစုစာအုပ်နှင့် MUP Debit Card (ATM Card) တို့ ချိတ်ဆက်ဖွင့်လှစ်ထားသည့် ဘဏ်ငွေစာရင်းမှ ငွေကျပ်သိန်း ၄၀ အား ဘဏ်တွင်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းက ထုတ်ယူမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကမ္ဘောဇဘဏ်တွင် အငယ်တန်း လက်ထောက်စာရေး တာဝန်ထမ်းဆောင်သည့် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ မဝေမာလွင်(၂၅)နှစ်သည် ရုံးချုပ် Card ဌာနမှ ဘဏ်ခွဲသို့ ပေးပို့သည့် ဒေါ်ရှောက်ဟွေ၏ ATM Card ကို ဒေါ်ရှောက်ဟွေထံ ပေးအပ်ခြင်းမရှိသေးဘဲ ငွေကျပ်သိန်း ၄၀ အား ထုတ်ယူခဲ့ပြီး ဒေါ်ရှောက်ဟွေမှာ ကတ်အား လာရောက်ထုတ်ယူသောအခါမှသာ ကတ်ပျောက်နေကြောင်းနှင့် ဘဏ်ငွေစာရင်းထဲမှ ငွေကျပ်သိန်း ၄၀ ပျောက်ဆုံးနေကြောင်းသိရ၍ ဘဏ်မှ စိုက်ထုတ်လျော်ပေးခဲ့ကာ ငွေထုတ်ယူသူ မဝေမာလွင်အား အရေးယူပေးရန် တိုင်တန်းသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

# အမြန်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၇၈/၁)နှင့် (၇၈/၂) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း မျိုးအောင် မောင်းနှင်လာသောယာဉ်မှာ ယနေ့ ညနေ ၄ နာရီတွင် ယာဘက် ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းထဲသို့ ထိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မှာ ခန့်မှန်း ငွေကျပ် ၇၀၀၀၀၀ ဖိုးခန့် ပျက်စီးသွားပြီး ယာဉ်မောင်းမှာ ထိခိုက်မှု မရှိကြောင်း သိရပြီး သက်ဆိုင်ရာ ကအရေးယူထားကြောင်း သိရသည်။ **ညီညီသန်း (နေပြည်တော်)**



**ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**



# တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာ၍ သိမ်းဆည်း

**ရန်ကုန် စက်တင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်း အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာ၍ စက်တင်ဘာ ၇ ရက်က ရေပူစစ်ဆေးရေးဂိတ်စခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စက်တင်ဘာ ၇ ရက်က မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီး၊ ဟီးနိုး ခြောက်ဘီးယာဉ် တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုးနှင့် လျှပ်စစ်ပစ္စည်း ၆၁ မျိုး(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၆၀၃ သန်း ခန့်)အား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၆၀၃ သန်းခန့်)၊ မရမ်းချောင်း အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၉၆၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေ ၅ နာရီခွဲက ကသာမြို့နယ် လမ်းခွကျေးရွာ ကသာ-အင်းတော်ကားလမ်း၊ မီးရထားသံလမ်းကူးအနီးတွင် ရန်အောင်(ခ)ဇေယျာလင်းမောင်းနှင်ပြီး ကျော်စိုးနိုင်(ခ)ညီညီနိုင် လိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(အလေးချိန်သုည ဒသမ ၁၂၁ ကီလို)ကို လည်းကောင်း။



**ရန်အောင်(ခ)ဇေယျာလင်းနှင့် ကျော်စိုးနိုင်(ခ)ညီညီနိုင်တို့ကို သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။**

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့အထွက် ကွတ်ခိုင်-ကောင်းခါး ကျေးရွာကားလမ်း၊ ယူကလစ်တောအနီးတွင် ရန်ရှင်းပေါင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ဘိန်းစိမ်း ၆ ကီလိုကိုလည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ်(၅၉/၁)တွင် ခရီးသည်တင်ယာဉ်အား ရှာဖွေရာ ခရီးသည် စိုးစိုးလွင်ထံမှ ဘိန်းစိမ်း ၈ ဒသမ ၄ ကီလို၊ ထိုင်းငွေဘတ် ၂၀ နှင့် ငွေကျပ် ၁၆၀၀၀ တို့ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် တယ်တိုးဂိတ်အနီးတွင် လအိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်ပေါင်းကျေးရွာရှိ မအေးနော်၏ နေအိမ်ကို ရှာဖွေရန်ဝင်ရောက်စဉ် နေအိမ်အတွင်းမှ အမျိုးသားတစ်ဦးသည် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ကာ နေအိမ်နောက်ဖေးမှ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ နေအိမ်တွင် မအေးနော်အားတွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြား၊ ခေါက်ဒင်ပါလေသေနတ် တစ်လက်၊ ဒူးလေး တစ်လက်၊ ဒူးလေး ကိုယ်ထည် တစ်ခုနှင့် မြား ၁၇ ချောင်း၊ MG -1 လက်ပစ်ဗုံး တစ်လုံး(ဖြူးပါ)၊ 9 MM ပစ္စတိုကျည် ငါးတောင့်၊ ပလတ်စတစ်ကျည်အိမ် တစ်ခု၊ စကားပြောစက် တစ်လုံးနှင့် အားသွင်းခုံတစ်ခု၊ ဓားရှည် နှစ်ချောင်း၊ လှံတစ်ချောင်းနှင့် မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

# ညောင်တုန်းမြို့၌ လမ်းဖြတ်ကူးသူတစ်ဦး မှန်လုံယာဉ်တိုက်မိ၍ သေဆုံး

**ညောင်တုန်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မဲဇလီဒလကျေးရွာအုပ်စု မဲဇလီဒလကျေးရွာ(မလက်တိုလမ်းဆုံ)အနီး ရန်ကုန်-ပုသိမ်ကားလမ်းတွင် စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် လမ်းဖြတ်ကူးသူတစ်ဦး ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အထောင်မြို့ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းစိုးထိုက်(၃၅)နှစ် မောင်းနှင်၍ ခရီးသည်များတင်ဆောင်လာသော မှန်လုံယာဉ်သည် ရှေ့မှရပ်တန့်ပြီး ခရီးသည်တင်ဆောင်နေသောမှန်လုံယာဉ်တစ်စီးအား ဝိုက်၍ ကျော်တက်စဉ် လမ်းဖြတ်ကူးသူဒေါ်ကြည်ဝင်း(၆၀)နှစ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိသဖြင့် ဒေါ်ကြည်ဝင်းမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်ပွားရာ၌ပင် သေဆုံးသွားသဖြင့် မဲဇလီရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မသင်္ကာသူတစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုအပြင် အခြားခိုးမှုများကိုလည်း ဖော်ထုတ်ရရှိ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာတွင်ဖြစ်ပွားခဲ့သော ခိုးမှုနှင့်စပ်လျဉ်း၍ မသင်္ကာသူတစ်ဦးအားစစ်ဆေးခဲ့ရာ အဆိုပါ ခိုးမှုအပြင် အခြားခိုးမှုများကိုပါ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက်က ဗဟန်းမြို့နယ် မြန်မာပလာဇာ၌ အမျိုးသားတစ်ဦးက ဈေးဝယ်နေစဉ် ၎င်း၏ ငွေစက္ကူနှင့် ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀ တို့ပါရှိသည့် ကျောပိုးအိတ်မှာ ခိုးယူခံရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူမှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်နေ ကျော်သက်(၂၅)နှစ်ဖြစ်ကြောင်း သိရပြီး အဆိုပါအမှုအား ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိခဲ့သည်။

အခြားအမှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ ကျော်သက်အားစစ်ဆေးခဲ့ရာ စမ်းချောင်းမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် ကမာရွတ်မြို့နယ်များမှ ငွေစက္ကူနှင့် လက်ကိုင်ဖုန်း ရှစ်လုံး ခိုးယူထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

(ကြေးမုံ)

# အရက်မူးလာသည့် ခင်ပွန်းက ဇနီးအားရိုက်နှက်သဖြင့် ထွက်ပြေးသွားစဉ် အိမ်တွင်ကျန်ရှိသည့် ယောက္ခမဖြစ်သူ အသတ်ခံရ

**နေပြည်တော် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်နေ မသန်းသန်းဦးသည် စက်တင်ဘာ ၆ ရက် ည ၈ နာရီတွင် နေအိမ်၌ မိခင်ဖြစ်သူ ဒေါ်တင်ငြိမ်းနှင့်အတူရှိနေစဉ် ခင်ပွန်းဖြစ်သူ တင်မောင်ဦးသည် အရက်မူးပြီးရောက်ရှိလာကာ မသန်းသန်းဦးအား ရိုက်နှက်သဖြင့် ထွက်ပြေးကာ ဒေါ်အညာသူမ နေအိမ်တွင် တစ်ညအိပ်ခဲ့သည်။ စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် နေအိမ်သို့ ပြန်လာရာ မိခင်ဖြစ်သူ ဒေါ်တင်ငြိမ်းမှာ အိပ်ရာထဲ၌ လဲကျသေဆုံးနေသည်ကိုတွေ့ရှိသဖြင့် ပတ်ဝန်းကျင်အားမေးမြန်းရာ မသန်းသန်းဦး ထွက်ပြေးသွားပြီးနောက် တင်မောင်ဦးသည် ဒေါ်တင်ငြိမ်းအား ခြေထောက်ဖြင့်ကန်ခြင်း၊ ရင်ဘတ်အားတက်နင်းခြင်းတို့ပြုလုပ်သည်ကို တွေ့မြင်ရကြောင်းသိရှိရ၍ အရေးယူပေးရန် တိုင်တန်းချက်အရ တင်မောင်ဦးအား လက်ပံတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

❐

# လက်ရှိအသင်းတွေနဲ့ ခပ်တဲတဲဆက်ဆံရေးနဲ့ ဇန်နဝါရီဈေးကွက်အတွင်း ထွက်ခွာဖို့ သေချာသလောက်ရှိနေတဲ့ ပရီမီယာလိဂ်ကြယ်ပွင့်များ

**ဒီနှစ်နွေဈေးကွက်အတွင်း အသင်းပြောင်းတော့မလိုလိုနဲ့ မဖြစ်ခဲ့တဲ့ အပြောင်းအရွှေ့ဇာတ်လမ်းတွေထဲမှာ အဓိကနေရာက ရှိနေသူတွေကတော့ ဆန်းချက်ဇ်နဲ့ ကော်တင်ဟိုတို့ပါ။ ဒါ့အပြင် ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာ၊ အဲဗာတန်ကွင်းလယ်လူ ဘာကလေနဲ့ ဆောက်သမ်တန်နောက်ခံလူ ဗန်ဒေ့ခ်တို့အကြောင်းကလည်း ချန်ထားလို့မရမယ့် အကြောင်းအရာတွေ ဖြစ်နေမှာပါ။ ကော်စတာက အက်သလက်တီကိုအသင်းရဲ့ အပြောင်းအရွှေ့ ပိတ်ပင်ခံရမှုကြောင့်၊ အဲဗာတန်ကွင်းလယ်လူ ဘာကလေက ဒဏ်ရာပြဿနာကြောင့်၊ ဗန်ဒစ်ချ်ကိုတော့ ဆောက်သမ်တန်က ရောင်းချဖို့ကို ဆန္ဒမရှိတာစသဖြင့် ဒီကစားသမားတွေက အသင်းပြောင်းရွှေ့မှုကို မတွေ့ခဲ့ကြရတာပါ။ ဒါပေမယ့် အားလုံးအတွက် ပြောစရာဖြစ်ကျန်ခဲ့တာကတော့ ဆန်းချက်ဇ်နဲ့ ကော်တင်ဟို။**



အာဆင်နယ်တိုက်စစ်မှူးဆန်းချက်ဇ်



လီဗာပူးကွင်းလယ်နှင့်တောင်ပံ ကစားသမား ကော်တင်ဟို

**ဆန်းချက်ဇ်**

ဆန်းချက်ဇ်ဆိုရင် အသင်းဖော်တွေကိုတောင် မန်စီးတီးကို ပြောင်းရွှေ့တော့မယ်လို့ ပြောခဲ့ပြီး ချီလီနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ဖို့ ထွက်သွားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း လိုချင်တဲ့ လီမာမရတော့ ဆန်းချက်ဇ်ကို ထွက်ခွာခွင့် မပေးခဲ့တာကြောင့် အာဆင်နယ်ရဲ့ လုပ်ဆောင်ချက်ကို ဝေဖန်မှုအချို့ လျှံတက်နေပါတယ်။

ဆန်းချက်ဇ်က လီဗာပူးကို လေးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တဲ့ပွဲမှာ ပါဝင်ခဲ့ပေမယ့် ဂိုးပေါက် ပျောက်နေခဲ့သလို နည်းပြဝင်းဂါးက ပွဲချိန် မိနစ် ၆၀ ကျော်ကတည်းက လူစားလဲခဲ့လို့ ဒါဟာ အာဆင်နယ်အတွက် ဆန်းချက်ဇ်ရဲ့ နောက်ဆုံးပွဲလို့ ထင်မြင်ချက်တွေလည်း ထွက်လာပါသေးတယ်။ ဆန်းချက်ဇ်အတွက် ဒီလိုအပြောင်းအရွှေ့မဖြစ်ခဲ့တာက စိတ်ပိုင်းဆိုင်ရာအရ အတော်လေးထိခိုက်ခဲ့တဲ့ပုံပေါ်ပြီး ချီလီအသင်းအတွက် ကစားရချိန်မှာ ခြေစွမ်းလုံးဝပျောက်ဆုံးသွားခဲ့တာကိုကြည့်ရင် သိနိုင်ပါတယ်။ ဆန်းချက်ဇ်ကတော့ ဘိုလီဗီးယားကို အရေးနိမ့်ခဲ့တဲ့ပွဲစဉ်အပြီးမှာ ဝေဖန်သူတွေ အကြောင်းပြချက် ရှိ၊ မရှိ ဝေဖန်နေရလို့ ပင်ပန်းနေပြီလို့ အင်စတာဂရမ် စာမျက်နှာပေါ်ကတစ်ဆင့် တုံ့ပြန်လိုက်ပါတယ်။

ဝင်းဂါးကတော့ လီမာကို ဇန်နဝါရီဈေးကွက်အတွင်း ထပ်ခေါ်မယ်လို့ ဝန်ခံခဲ့ပေမယ့် ဆန်းချက်ဇ်ကိစ္စကိုတော့ ဖြေကြားခဲ့ခြင်းမရှိပါဘူး။ ဆန်းချက်ဇ်ရဲ့ စာချုပ်နောက်ဆုံးနှစ်ကို ရောက်ရှိခဲ့တာက ကစားသမားရဲ့ ပရော်ဖက်ရှင်နယ်ဆန်မှုအပေါ် သက်ရောက်မှာ မဟုတ်တာကြောင့် ခြေစွမ်းကျမှာကို စိတ်မပူကြောင်း တုံ့ပြန်ထားပါတယ်။ အာဆင်နယ်ပရိသတ်တွေကို ဆန္ဒမဲကောက်ခံရာမှာလည်း ၇၈ ရာခိုင်နှုန်းက အာဆင်နယ်အတွက် ဆန်းချက်ဇ်ဆက်လက်ကစားပေးမှာကို ထောက်ခံခဲ့ကြသလို ၇၀ ရာခိုင်နှုန်းက ပထမပွဲထွက်စာရင်းမှာ ဆက်လက်အသုံးပြုသင့်တယ်၊ ၆၁ ရာခိုင်နှုန်းက ဆန်းချက်ဇ် အကောင်းဆုံးပေးမယ်လို့ ယုံကြည်ကြောင်း ထောက်ခံမှုပေးခဲ့ကြပါတယ်။ ဒါကြောင့် ပရိသတ်တွေနဲ့ နည်းပြကတော့ ဆန်းချက်ဇ်အပေါ် ယုံကြည်မှုဆက်လက်ပေးထားဆဲလို့ ဆိုနိုင်ပါတယ်။ ဆန်းချက်ဇ်ဟာ ဘိုလီဗီးယားအသင်းကို အရေးနိမ့်ခဲ့တဲ့ ပွဲစဉ်အပြီး အာဆင်နယ်ဂျာစီဝတ်ဆင်ထားတဲ့ပုံနဲ့တကွ "အိမ်ပြန်လာပြီ"လို့ အင်စတာဂရမ် စာမျက်နှာထက် တင်ခဲ့ပါတယ်။

အစောပိုင်းက မန်စီးတီးဟာ ဆန်းချက်ဇ်အတွက် စတာလင်းကို အလိုက်ပေးကမ်းလှမ်းခဲ့တယ်။ ဒါပေမယ့် အာဆင်နယ်က အဂွဲရိုးကိုသာ ပြန်လိုချင်တယ်လို့ တောင်းဆိုခဲ့တာကြောင့် ဆန်းချက်ဇ်အတွက် အလိုက်ပေးကမ်းလှမ်းမှု အစီအစဉ် ပျက်ပြယ်ခဲ့တာဖြစ်ပါတယ်။ နောက်တော့ မန်စီးတီးက ငွေသားချည်း ပေါင်သန်း ၆၀ ပမာဏအထိ တိုးမြှင့်ကမ်းလှမ်းခဲ့ပြန်ပါတယ်။ အာဆင်နယ်က အခုအချိန်မှာ နွေဈေးကွက်အတွင်း ထုတ်ရောင်းရင် ပေါင်သန်း ၆၀ ရမှာဖြစ်ပေမယ့် တိုက်စစ်မှူးရှားပါးနေမှုကြောင့် ငွေကြေးအနာခံပြီး ထုတ်မရောင်းခဲ့တာလို့ သုံးသပ်ရပါတယ်။ ဒါပေမယ့် လာမယ့် ဇန်နဝါရီ ကာလမှာတော့ အခြေအနေအားလုံးကို သုံးသပ်ပြီး ထုတ်ရောင်းနိုင်ဖွယ်ရှိပါတယ်။ မန်စီးတီးအသင်းဘက်ကတော့ အာဆင်နယ်ဟာ ငွေပေါ်လျှော့ဈေးနဲ့ သန်း ၂၀ လောက်ရရင် ပြန်ထုတ်ရောင်းမယ်လို့ ယုံကြည်နေပြီး ဘာတွေဆက်ဖြစ်လာမလဲဆိုတာ လာမယ့် ဇန်နဝါရီဈေးကွက်အဖွင့်မှာ အဖြေပေါ်လာမှာဖြစ်ပါတယ်။

**ကော်တင်ဟို**

ဆန်းချက်ဇ်ထက်ပိုဆိုးတာက ကော်တင်ဟိုပါ။ ကော်တင်ဟိုက ရာသီကြိုခြေစမ်းပွဲတွေမှာကတည်းက နောက်ကျောဒဏ်ရာရနေတယ်လို့ အကြောင်းပြလိုက်၊ ဖျားနေတယ်လို့ အကြောင်းပြလိုက်နဲ့ လီဗာပူးအတွက် တစ်ပွဲမှ ဝင်ရောက်မကစားပေးပါဘူး။ ဒါပေမယ့် ကော်တင်ဟိုဟာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် ဘရာဇီးအသင်းနဲ့ ပူးပေါင်းခဲ့ပြီး ဘရာဇီးနည်းပြ တိုင်တီက ကော်တင်ဟိုဟာ ရုပ်ပိုင်းဆိုင်ရာအရ ပွဲချိန်ပြည့် ကစားနိုင်ခဲ့တယ်လို့ ဆိုခဲ့တာကြောင့် ကော်တင်ဟို ဘာလဲ၊ ဘယ်လဲဆိုတဲ့ မေးခွန်းတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ လီဗာပူးပရိသတ်တွေကတော့ ကော်တင်ဟိုဟာ သူတို့အသင်းရဲ့ သူရဲကောင်းဖြစ်ပြီး လီဗာပူးအနေနဲ့ ထုတ်မရောင်းပါနဲ့လို့ ဆိုင်းဘုတ်တွေ ကိုင်ဆောင်ပြနေကြဆဲပါ။ ဒါပေမယ့် ကာယကံရှင်ကိုယ်တိုင်က ဆန္ဒမရှိရင် ဘာမှ အကျိုးဖြစ်ထွန်းမှာ မဟုတ်တာကြောင့် လီဗာပူးအသင်း ကော်တင်ဟိုကို ဘယ်လိုဆက်ထိန်းမလဲ ဒါကလည်း စဉ်းစားရကျပ်နေဆဲပါပဲ။ ကော်တင်ဟိုဟာ လက်ရှိအချိန်မှာ လီဗာပူးကို ပြန်ရောက်နေပြီဖြစ်ပြီး ကြာသပတေးနေ့က လီဗာပူးအသင်း လေ့ကျင့်ရေးကွင်းကို လာရောက်ခဲ့ပေမယ့် မန်စီးတီးကို ရင်ဆိုင်မယ့်ပွဲမှာ ပါဝင်မှာ မဟုတ်ဘူးလို့ နည်းပြ ဂျာဂန်ကလော့ပ်က အတည်ပြုထားပါတယ်။

ဂျာဂန်ကလော့ပ်က "အခြားပြောစရာ ဘာမှမရှိပါဘူး။ သူပြန်လာတယ်။ ကျွန်တော်တို့ ကောင်းကောင်း ဆွေးနွေးနိုင်ခဲ့ကြတယ်။ လူတွေကတော့ ဖီးလ်(ကော်တင်ဟို)နဲ့ပတ်သက်ပြီး မတူညီတာတွေကို တွေးနိုင်တာပေ့ါ။ ဖီးလ်က နောက်ကျောဒဏ်ရာရှိနေတယ်။ ဒါကြောင့် သုံးပတ်လောက် နားလိုက်ရတယ်"လို့ ကော်တင်ဟိုနဲ့ပတ်သက်ပြီး ရှင်းလင်းခဲ့ပါတယ်။ ကော်တင်ဟိုရဲ့ ဘရာဇီးအသင်း ဖော်နေမာက ကော်တင်ဟိုဟာ လီဗာပူးအတွက် ကစားရတယ်ဆိုရင်တောင် ရင်ထဲမှာ ဒဏ်ရာကြီးနဲ့ ကစားရမှာဖြစ်တယ်လို့ ပြောခဲ့တာကြောင့် ကော်တင်ဟိုကို လီဗာပူးဆက်ထားသင့်၊ မသင့်ဆိုတာ နည်းပြအတွေ့အကြုံကြွယ်ဝတဲ့ ကလော့ပ် ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ ကောင်းကောင်း သဘောပေါက်ထားပြီး ဖြစ်မယ်လို့ မျှော်လင့်ရပါတယ်။

**(မေလှဲ့သင်း)**

## ပွဲစဉ်(၄)မှာ မန်စီးတီးကို လီဗာပူး အနိုင်ရယူနိုင်ဦးမှာလား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၄

**ပရီမီယာလိဂ်ပွဲစဉ် (၄) ကို စက်တင်ဘာလ ၉၊ ၁၀၊ ၁၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီးနဲ့ လီဗာပူး၊ အဲဗာတန်နဲ့ စပါး၊ လက်စတာနဲ့ ချယ်လ်ဆီးတို့ ဆုံတွေ့နေတဲ့ပွဲတွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ အကြိတ်အနယ်ရှိလာနိုင်ပါတယ်။**

#### မန်စီးတီး - လီဗာပူး ည ၆း၀၀ (၉-၉-၁၇)

နှစ်သင်းစလုံး ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ ရှိနေပေမယ့်လည်း အရေးပါတဲ့ ဆုံတွေ့မှုဖြစ်နေတာကြောင့် အားစိုက်ကစားလာနိုင်ပါတယ်။ လီဗာပူးကတော့ အာဆင်နယ်ကို အနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်း အထူးကောင်းမွန်ခဲ့ပေမယ့် မန်စီးတီးရဲ့ခြေကတော့ လက်ရှိအချိန်မှာ သာမန်ထက်မပိုသေးပါဘူး။ ဒါပေမယ့်လည်း မန်စီးတီးက အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း သရေကျသွားဖို့ များပါတယ်။

#### အာဆင်နယ် - ဘုန်းမောက် ည ၉း၃၀ (၉-၉-၁၇)

နှစ်ပွဲဆက်ရှုံးပွဲကြုံခဲ့ရတဲ့ အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် အာဆင်နယ်အနေနဲ့ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်လာမှာဖြစ်ပြီး ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း ရက်အနည်းငယ်ဝေးနေတာကြောင့် ခြေကုန်ထုတ်လာနိုင်ပါတယ်။ ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက သိသိသာသာ အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်ပဲ အနိုင်ရမယ်။

#### ဘရိုက်တန် - ဝက်စ်ဘရွန်း ည ၉း၃၀ (၉-၉-၁၇)

လက်ရှိအချိန်မှာ ဘရိုက်တန်အနေနဲ့ ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းမှုတွေ ရှိနေတာကြောင့် ခံစစ်ပိုင်းကစားပုံကောင်းမွန်တဲ့ ဝက်စ်ဘရွန်းကို အသာရယူနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဘရွန်းက လက်ရှိအချိန်မှာ ရှုံးပွဲမရှိသေးတဲ့အထိ ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေတာကြောင့် ဒီပွဲမှာ ဝက်စ်ဘရွန်းပဲ ကပ်နိုင်မယ်။

#### အဲဗာတန် - စပါး ည ၉း၃၀ (၉-၉-၁၇)

ချယ်လ်ဆီးကိုရှုံးနိမ့်ခဲ့ရပြီး နှစ်ပွဲဆက်အနိုင်ပျောက်ခဲ့ရတဲ့ အဲဗာတန်အနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် အဲဗာတန်က အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်တတ်ပါတယ်။ စပါးကတော့ ဘန်လေနဲ့ သရေကျပြီး နှစ်ပွဲဆက်အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲကစားရဖို့ ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါတယ်။ အဲဗာတန် သရေလောက်ကစားနိုင်မယ်။

#### လက်စတာ - ချယ်လ်ဆီး ည ၉း၃၀ (၉-၉-၁၇)

ချယ်လ်ဆီးက ချန်ပီယံလိဂ်ကစားရဖို့ ရှိနေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေပါတယ်။ ဒါ့အပြင် အဝေးကွင်းလည်း ဖြစ်နေပါတယ်။ လက်စတာကလည်း လက်ရှိအချိန်မှာ ကစားပုံကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပြီး အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာချယ်လ်ဆီးတို့ အနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်ပါတယ်။

#### ဆောက်သမ်တန် - ဝက်ဖို့ဒ် ည ၉း၃၀ (၉-၉-၁၇)

လက်ရှိအချိန်မှာ ဆောက်သမ်တန်က ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်အနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းအရမဆိုးဘူး ဆိုပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းက မတည်ငြိမ်တတ်ပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားသာချက်ရှိနေတဲ့ ဆောက်သမ်တန်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

#### စတုတ် - မန်ယူ ည ၁၁း၀၀ (၉-၉-၁၇)

လက်ရှိအချိန်မှာ မန်ယူခြေစွမ်းက ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းကစားပုံလည်း ထက်မြက်မှုရှိပါတယ်။ ဒါပေမယ့်လည်း ဒီပွဲက မန်ယူအတွက် အဝေးကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် မန်ယူက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ ရှိနေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ စတုတ်ကလည်း အသင်းလိုက်ကစားပုံ မာကျောမှုရှိပြီး အိမ်ကွင်းပွဲတွေမှာ ခပ်မာမာတုံ့ပြန်ကစားနိုင်တဲ့အသင်းဖြစ်တာကြောင့်လည်း မန်ယူအခက်တွေ့နိုင်ပါတယ်။ မန်ယူနိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

#### ဘန်လေ - ပဲလေ့စ် ည ၇း၀၀ (၁၀-၉-၁၇)

စပါးကို သရေကစားနိုင်ခဲ့တဲ့ပွဲမှာ ဘန်လေခြေက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ခံစစ်ပိုင်းကလည်း ကစားပုံကျစ်လျစ်ခဲ့ပြီး အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း သာမန်သာရှိတဲ့အပြင် အဝေးကွင်းပွဲတွေမှာလည်း ရှုန်းအားက ကျဆင်းတတ်ပါတယ်။ ပဲလေ့စ်တို့ ရလဒ်ကောင်းအောင် အားစိုက်လာမှာဖြစ်ပေမယ့် ဘန်လေပဲ ကပ်နိုင်မယ်။

#### ဆွမ်ဆီး - ကာဆယ် ည ၉း၃၀ (၁၀-၉-၁၇)

လက်ရှိအချိန်မှာ ဆွမ်ဆီးခြေက ကောင်းမွန်နေပါတယ်။ အဝေးကွင်းပွဲတွေမှာတောင် နိုင်ပွဲရယူနိုင်နေကာ လော်ရန်တေးကို ဆုံးရှုံးခဲ့ရပေမယ့်လည်း အေယူးလို ကစားသမားမျိုးရှိတာကြောင့် တိုက်စစ်ပိုင်းကျဆင်းသွားခြင်းမရှိနိုင်ပါဘူး။ အိမ်ကွင်းလည်းဖြစ်နေလို့ ဆွမ်ဆီးတို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ကာဆယ်ကတော့ ခြေစွမ်းမဆိုးပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းကျဆင်းတတ်ပါတယ်။ ဆွမ်ဆီးပဲ အနိုင်ရမယ်။

#### ဝက်စ်ဟမ်း - ဟက်ဒါဖီးလ် နံနက် ၁း၃၀ (၁၂-၉-၁၇)

ဝက်စ်ဟမ်းက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းနေကာ ကာဆယ်ကိုတောင် ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဟက်ဒါဖီးလ်ကို အသာရယူနိုင်ဖို့ ခက်ပါတယ်။ အထူးသဖြင့် ဟက်ဒါဖီးလ်က ခံစစ်ပိုင်းကစားပုံကောင်းမွန်မှုရှိနေတာကြောင့် ဝက်စ်ဟမ်းရဲ့ တိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ခြေရှိနေပါတယ်။ ဒါကြောင့်လည်း ဟက်ဒါဖီးလ်တို့ သရေလောက်ကစားနိုင်ဖို့ရှိနေပါတယ်။

# မမေ့အပ်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

**ကျော်စိုးဦး(MRCS-မန္တလေး)**




လူသားဆိုသည့်မျိုးနွယ်စုသည်ကား ကျေးဇူးသိတတ်ခြင်း၊ စာနာနားလည်ခြင်း၊ ပေးဆပ်ခြင်း၊ ခွင့်လွှတ်သည်းခံတတ်ခြင်းတို့ဖြင့် စတင်ခဲ့ကြသည်။ လူဟူ၍ သတ်မှတ်ကြလျှင် ခန္ဓာဗေဒ Anatamy သည် ပါရှိရစမြဲပင်။ လူတိုင်းခန္ဓာကိုယ်ကို ပိုင်ဆိုင်နေကြလျှင် တည်မြဲသောအရာမဟုတ် ပျက်စီးတတ်သည့်သဘောပင်ဖြစ်ပေရာ လူသားတိုင်းအတွက် အဆိုပါခန္ဓာကိုယ်ကို သက်တမ်းပြည့် ကျန်းကျန်းမာမာ ရှင်သန်တည်မြဲစေရေးအတွက် ကျန်းမာရေးဗဟုသုတများကို ယနေ့မျက်မှောက်ခေတ်ကာလတွင် လူတိုင်းသိထား၊ တတ်ထားသင့်ပေသည်။ Everyone is vulnerable လူသားတိုင်းသည် ဘေးအန္တရာယ်ကျရောက်လွယ်သူများဖြစ်ပေရာ အဆိုပါဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရန်နည်းလမ်းများဖြစ်လာလျှင် ပြုစုကူညီတတ်ရန် နည်းလမ်းများပြီးလျှင် နေထိုင်တတ်ရန် နည်းလမ်းများကို ယနေ့နည်းပညာခေတ်ကြီးတွင် ပိုမိုလေ့လာသိရှိကြဖို့ လွန်စွာအရေးကြီးကြသည်။

**ဒေါက်တာအက်(စ်)မတ်**

ထိုနည်းတူစွာပင် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၉ ရက်သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ပင်ဖြစ်ပေရာ ရှေးဦးပြုစုခြင်းနေ့နှင့် ပါဝင်ပတ်သက် ကျေးဇူးရှိသူတို့ကို ကျွန်တော်တို့ သတိရသင့်ပေသည်။ ထိုသူကား အခြားမဟုတ် ဒေါက်တာအက်(စ်)မတ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အမျိုးသားကြက်ခြေနီအသင်းများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးပင်ဖြစ်သည်။ သူတို့သည် လူသားတို့အတွက် ယနေ့အသုံးပြုနေသောရှေးဦးပြုစုခြင်း နည်းပညာများကို ကြိုးပမ်းတီထွင်ပေးခဲ့သလို ကမ္ဘာမြေသို့ အဆိုပါနည်းပညာများပျံ့နှံ့ရောက်ရှိစေရန်လည်း စာအုပ်စာတမ်းများရေးသားကာထားပေးခဲ့၊ ထိန်းသိမ်းခဲ့သလို ဖြန့်ဝေပေးသူများဖြစ်သည်။ သူတို့သာ ရှေးဦးပြုစုခြင်းနည်းပညာများကို ရေးသားဖြန့်ဝေမပေးခဲ့လျှင် ယနေ့မျက်မှောက်ခေတ်ကာလတွင် ဆေးရုံဆေးခန်း ဆရာဝန်၊ ဆေးပညာရှင်တို့ထံ မရောက်ရှိနိုင်သေးသည့် ဘေးအန္တရာယ်ကျရောက်သူတို့၏ အနာတရ နှလုံးသားကို အဘယ်သူသည် ကုစားနိုင်မည့်နည်းစနစ်များသိနိုင်ပါအံ့နည်း။ သို့ဆိုသော် တန်ဖိုးရှိတဲ့လူသားတို့၏ အသက်ပေါင်းများစွာ ရှေးဦးပြုစုခြင်းဗဟုသုတ နည်းပညာများ မလေ့လာမသိရှိ၍ မပပျောက်အပ်သလို အဆိုပါနည်းပညာများအတွက် သူ့တို့ကို အောက်မေ့သတိရလျက် ကြက်ခြေနီလှုပ်ရှားမှုတွင်ပါဝင်နေကြသော ကရုဏာရှင်အပေါင်းကိုလည်း ကျေးဇူးတင်ထိုက်လှပေသည်။

ကြက်ခြေနီလှုပ်ရှားမှုဟူသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)နှင့် အမျိုးသားကြက်ခြေနီအသင်း(NS) တို့ပူးပေါင်းပြီး ကြက်ခြေနီအခြေခံမူ ခုနစ်ချက်နှင့်အညီ လှုပ်ရှားဆောင်ရွက်နေခြင်းကို ဆိုလိုသည်။ ကျွန်တော်တို့နိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားကြက်ခြေနီအသင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် အမျိုးသားကြက်ခြေနီအသင်းတစ်သင်းသာ တည်ရှိသည်။

**ရှေးဦးပြုစုခြင်းပညာများပျံ့နှံ့**

စစ်ပွဲကိုအခြေတည်ပေါ်ပေါက်ခဲ့သော ရှေးဦးပြုစုခြင်းနည်းပညာကို စတင်တီထွင်ခဲ့သူမှာ ဂျာမန်စစ်တပ်၏ ဆေးမှူးချုပ်ဖြစ်သော ဒေါက်တာအက်(စ်)မတ်ပင်ဖြစ်သည်။ သူသည် ပြင်သစ်နှင့် ပရက်ရှားစစ်ပွဲအတွင်း ဘာလင်မြို့အနီးရှိ စစ်ဆေးရုံတွင် အုပ်ချုပ်ရေးနှင့်ခွဲစိတ်ကုဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်မြေပြင်မှတွေ့ရှိချက်များကို အခြေပြုကာ ထိခိုက်ဒဏ်ရာများအတွက်ရှေးဦးပြုစုခြင်းနှင့် စစ်မြေပြင်မှ ရှေးဦးပြုစုနည်းများ စာအုပ်နှစ်အုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ အဆိုပါနည်းပညာများကို အခြေတည်ကာ ရှေးဦးပြုစုခြင်းပညာများ ကမ္ဘာမြေတွင် ဆက်လက်ပျံ့နှံ့အောင် ယနေ့အချိန်အထိ ကြက်ခြေနီအသင်းခွဲများက ဖြန့်ဝေပေးလျက်ရှိသည်။

ဒေါက်တာအက်(စ်)မတ် စိုက်ပျိုးကျဲချပြီး ရှေးဦးပြုစုခြင်းနည်းပညာများကို ခေတ်စနစ်နဲ့အညီ ယနေ့အချိန်အထိ ကမ္ဘာမြေပေါ်တွင် တည်တံ့ပျံ့နှံ့စေရန် ဖြန့်ဝေပေးနေသည့်တစ်ခုတည်းသော ကြက်ခြေနီကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည်လည်း တစ်အိမ်တစ်ယောက် အနည်းဆုံး ရှေးဦးပြုစုခြင်းနည်းပညာများတတ်မြောက်ရန် အစွမ်းကုန်ကြိုးပမ်းဖြန့်ဝေလျက်ရှိသည်။

အဆိုပါ ရှေးဦးပြုစုခြင်းနည်းပညာများကို ကိုယ်တိုင်လည်း စနစ်တကျသင်ယူကာ လက်တွေ့နယ်ပယ်တွင် အဆိုပါနည်းပညာများဖြင့် အသက်ပေါင်းများစွာကို ကူညီကယ်တင်နေကြသည်ကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည်။ ထိုသူတို့သည်ကား အခြားမဟုတ် ရှေးဦးပြုစုခြင်းပညာများကို စနစ်တကျသင်ကြားလေ့ကျင့်ရင်းပြုစုကူညီလျက် တစ်ဆင့်ကမ္ဘာမြေအတွက် ပြန်လည်မျှဝေပေးနေသောကြက်ခြေနီစေတနာလုပ်အားရှင်များပင်ဖြစ်သည်။ထိုသူတို့အား ရှေးဦးပြုစုခြင်း စွမ်းဆောင်ရှင်များဟုခေါ်ဆိုက လွန်အံ့မထင်။

**အပြစ်မဲ့ပြည်သူတို့ ထိခိုက်ဒဏ်ရာရ**

ယနေ့ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ ဘေးအန္တရာယ်များက ကြိုဆိုနေကြလေပြီ။ အန္တရာယ်ကင်းရှင်းစေဖို့ဆိုပြီး ခြေကျင် လမ်းဘေးကပ်သွားနေသော်လည်း ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် အပြစ်မဲ့ပြည်သူတို့ ထိခိုက်ဒဏ်ရာရမှုများ၊ ထိုမှတစ်ဆင့် မဆုံးရှုံးသင့်သော လူ့ဘဝ အသက်များလည်း ဆုံးရှုံးလို့နေကြလေပြီ။ ထိုသူတို့၏ အသက်ကို



ဆေးရုံဆေးခန်းမရောက်မီ အဘယ်သူသည် ကူညီကယ်တင်နိုင်အံ့နည်း။ ကူညီကြသော်လည်း နည်းပညာမရှိက အချည်းအနှီးသာဖြစ်ပေမည်။

ဥစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်ကြသည်ဆိုပါက ခြေတစ်လှမ်းလှမ်းမည်ကြံတိုင်း သတိ ဝီရိယတို့ဖြင့် ပြင်ဆင်ကြရပေတော့မည်။ ယခင်က စက်ဘီး၊ ဆိုင်ကယ်မြို့တော်တွင် ထိခိုက်ဒဏ်ရာရရှိမှု အသက်ဆုံးရှုံးမှုတို့သည်ကား ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ယနေ့တိုးတက်ပြောင်းလဲလာသော နည်းပညာခေတ် ဆိုင်ကယ်၊ ကားခေတ်စနစ်ကြီးတွင် ထိခိုက်ဒဏ်ရာရသူများ၊ အသက်ဆုံးရှုံးမှုများမှာ ၆၀ ရာခိုင်နှုန်းခန့် ရှိလာပေပြီ။ ထိုသို့ဖြစ်ရခြင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တတ်သိအောင်လည်းမလေ့လာ၊ သည်းခံစိတ်လည်းမရှိ၊ စာနာစိတ်တို့ဝေးစွ၊ စည်းကမ်းမဲ့ မောင်းနှင်မှုများကြောင့်လည်းကောင်း ဖြစ်လာလျှင်လည်း ပြုစုတတ်ရန် ရှေးဦးပြုစုခြင်းပညာများ တတ်သိနားမလည်သောကြောင့်ပင်ဖြစ်သည်။

**လူ့စွမ်းအားအရင်းအမြစ်များမဆုံးရှုံးရေး**

တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်များ ယာဉ်လမ်းအန္တရာယ်များကြောင့် တန်ဖိုးမဲ့ မဆုံးရှုံးကြစေဖို့ တိုင်းပြည်အတွက် အဖိုးထိုက်သော လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ထက်မြက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် စနစ်တကျစစ်ဆေးအရေးယူမှုများပြုလုပ်နေသော်လည်း အသိတရားနည်းပါးလွန်းသော သူတို့ကား ကျူးလွန်မြဲကျူးလွန်နေကြသည်ကစိတ်မကောင်းစရာပင်။ ကျေးလက်တွင်ကား ခံသာသေးသော်လည်း နိုင်ငံခြားသားတို့ဖြတ်သန်းသွားလာရာ မြို့ကြီးပြကြီးများတွင်ကား ရှက်ဖွယ်ကောင်းလှသလို လူတစ်ယောက် သို့မဟုတ် လူတစ်စု စည်းကမ်းဖောက်ဖျက်မှုကြောင့် တိုင်းပြည်၏အလှတရားလည်းထိခိုက်လှပေရာ ယာဉ်လမ်းစည်းကမ်းများ စစ်ဆေးအရေးယူမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သင့်လှပေသည်။ သို့မှသာ ယာဉ်လမ်းအန္တရာယ်ကြောင့်ထိခိုက်မှုများကို လျှော့ချနိုင်သည်မှ လုံးဝပပျောက်သွားအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ သို့မှသာ အပြစ်မဲ့လမ်းအသုံးပြုသူတို့ အန္တရာယ်ကင်းဝေးပြီး ထိုမှ နိုင်ငံအတွက် အဖိုးထိုက်တန်လှသော လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ထက်မြက်လာမည်မှာ ဧကန်ပင်ဖြစ်သည်။

စည်းကမ်းဖောက်ဖျက်သူတို့ကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြသော လူထု၏ အသက်ပေါင်းများစွာကို ထိပ်တန်း လူမှုကရုဏာအသင်းကြီးဖြစ်သော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအပါအဝင် လူမှုကူညီမှုအသင်းများက အစွမ်းကုန် ကူညီမှုများကြောင့်လည်း လူ့အသက်ပေါင်းများစွာ ရှင်သန်ခွင့်ရရှိခဲ့ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးကလည်း လူထုအတွက် အဖိုးထိုက်တန်သော မိမိကိုယ်မိမိ၊ မိမိမှပတ်ဝန်းကျင်၏ အသက်ပေါင်းများစွာကို ကူညီ ကယ်တင်နိုင်သော ရှေးဦးပြုစုခြင်း နည်းပညာများကို ဖြန့်ဝေပေးလျက်ရှိရာ အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်သော ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်လှစ်လိုပါကလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးနှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများတွင် အကူအညီများ တောင်းခံနိုင်မည်ဖြစ်သည်။

> “ရှေးဦးပြုစုခြင်းနည်းပညာများကိုလူသားတိုင်း သင်ယူလေ့လာသင့်ပါကြောင်းနှင့် အဆိုပါနည်းပညာများဖြင့် အသက်ပေါင်းများစွာ. . .”

**နိုင်ငံပေါင်း ၁၀၀ ကျော်ကျင်းပ**

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ဒုတိယပတ် စနေနေ့မှစ၍ နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ်စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနဲ့ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း သက္ကရာဇ် ၂၀၀၀ မှာ စတင်ကျင်းပစေခဲ့တာဖြစ်ပြီး ယခုဆိုရင် နိုင်ငံပေါင်း ၁၀၀ ကျော်မှာ စက်တင်ဘာလ ဒုတိယပတ် စနေနေ့တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားတွေ ကျင်းပနေပါပြီ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာတော့ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ဒုတိယပတ် စနေနေ့ကစလို့ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ်ကျင်းပလာခဲ့တာ ယခု ၂၀၁၇ ခုနှစ်စက်တင်ဘာလ ၉ ရက်နေ့တွင်ဆိုရင် (၁၅) ကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ရာဇသင်္ဂဟလမ်း ဒက္ခိဏသီရိမြို့ နေပြည်တော်မှာ ကျင်းပမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ "DOMESTIC ACCIDENTS" အိမ်တွင်းမတော်တဆဖြစ်မှုများ ရှေးဦးပြုစုနည်းဖြင့် ကူညီထားပင်ဖြစ်သည်။

မည်သို့ဆိုစေ လူ့ဘဝအတွက် ဂုဏ်သိက္ခာ ရှေးဦးပြုစုခြင်းပညာဖြစ်သော ရှေးဦးပြုစုခြင်းနည်းပညာများကိုလူသားတိုင်း သင်ယူလေ့လာသင့်ပါကြောင်းနှင့် အဆိုပါနည်းပညာများဖြင့် အသက်ပေါင်းများစွာ ဘေးအန္တရာယ်ပေါင်းများစွာကို ကူညီကယ်တင်နေကြသော တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် လူမှုအဖွဲ့အစည်းအားလုံးရှိ စေတနာ့ဝန်ထမ်းဆောင်ရွက်ကာ အများအကျိုးကို ထမ်းဆောင်နေကြသော လူမှုကရုဏာရှင်အပေါင်းတို့အား 'မမေ့အပ်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့'ဟူသော ဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ပါသည်။ ။

# ရှေးဟောင်းပစ္စည်းအပ်နှံသူများအား ဆုကြေးငွေများ ချီးမြှင့်ပေးအပ်



အပ်နှံသည့်ရွှေထည်ပစ္စည်းများအားတွေ့ရစဉ်

**မုံရွာ စက်တင်ဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့မှ မိမိတို့ရရှိခဲ့သော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ပေးအပ်သော ဆုကြေးငွေများ ပေးအပ်ပွဲကို မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မုံရွာခရိုင် ဘုတလင်မြို့နယ် တွင်းတော်ကျေးရွာမှ ဦးဇော်က လှည်းလမ်းပြင်ရန် ကမ်းပါးများဖြိုချရာမှ ကြေးခေတ် အသုံးအဆောင်ပစ္စည်းများဖြစ်သော ကြေးမြားသွား၊ အိုး၊ ကျောက်ကွင်း၊ ကျောက်လက်နက်တချို့ စုစုပေါင်း အရေအတွက် ၄၀ ခုအား လည်းကောင်း၊ အရာတော်မြို့နယ် ဝါးယောင်းကျေးရွာမှ ဒေါ်နှင်းနှင်းမြက မိမိအိမ်ဝင်းအတွင်းမှ တွေ့ရှိခဲ့သည့် အိုးအတွင်းထည့်ထားသော ငါးမူးပြားဆွဲပြား တစ်ခု၊ တစ်ထပ်ကြိုးပြားဆွဲကြိုး တစ်ခု၊ ကျောက်နီလက်စွပ် တစ်ကွင်း၊ ဝါဖျော့ကျောက်ပါလက်စွပ် တစ်ကွင်း၊ ကျောက်နီ ငါးလုံးပါ လက်စွပ်တစ်ကွင်း၊ ကျောက် ၁၆ လုံးပါ နားကပ်တစ်ရန်၊ ကျောက်ဖြူရွှေနားကပ် တစ်ဖက်၊ ကြယ်သီးကွင်း တစ်ခုနှင့်အဆွဲ နှစ်ခု၊ကျောက်နီနှင့်တွဲကွင်း သုံးခု၊ ရွှေထည် ပစ္စည်းမဟုတ်သော ငွေဥစီနားကွင်း နှစ်ရန်၊ မိုးကြိုးလက်စွပ်ကိုးကွင်း၊ ငါးရုပ်ပါကြယ်သီးအောက်ဆွဲပါ တစ်ခု၊ ကျောက်ပုတီးစေ့ လေးလုံး၊ အဖြူရောင်ကျောက် တစ်ခု၊ စဉ့်အိုးသေး တစ်ခုတို့ကို တွေ့ရှိခဲ့သဖြင့် ရှေးဟောင်းသုတေသနဌာနသို့ အပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာအထက် သက်တမ်းရှိတဲ့ ပစ္စည်းတွေကို ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်ပါတယ်။ အဲဒီသတ်မှတ်ချက်အထဲမှာဝင်ပြီး အထောက်အထားရှိတဲ့ ပစ္စည်းတွေကို ရှေးဟောင်းပစ္စည်းအဖြစ်သတ်မှတ်တာပါ။ အဲဒီပစ္စည်းတွေကို ရှေးဟောင်းသုတေသနဌာနကို အပ်နှံရင် အကဲဖြတ်အဖွဲ့က အကဲဖြတ်ပြီး ခေတ်ကာလတန်ကြေးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးကိုပါ ထပ်ဆောင်းချီးမြှင့်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းတွေကိုတိုက်ရိုက်အပ်နှံတာတွေလည်း ရှိပါတယ်။ လက်ရှိတာဝန်ယူချိန်အတွင်းမှာတော့ အခုလိုရှေးဟောင်းသမိုင်းဝင် ပစ္စည်းတွေအပ်နှံတာက သုံးကြိမ်မြောက်ရှိပါပြီ" ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စစ်ကိုင်းဌာနခွဲ)မှ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံဒေါ်မိုးမိုးသိန်းက ပြောသည်။

အဆိုပါသမိုင်းဝင် ရှေးဟောင်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် အပ်နှံခဲ့သဖြင့် ခေတ်ကာလတန်ကြေးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးကို ထပ်ဆောင်းပေးအပ်ချီးမြှင့်သဖြင့် ပြည်သူများအနေဖြင့် သမိုင်းဝင်ပစ္စည်းများကို တွေ့ရှိပါက ရှေးဟောင်းသုတေသနဌာနသို့အပ်နှံသင့်ကြောင်းသိရပြီး ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ပေးအပ်သော ဆုကြေးငွေများ ပေးအပ်ပွဲကို ရွှေထည်ပစ္စည်းများ အပ်နှံသူ ဒေါ်နှင်းနှင်းမြက "ဇွန် ၁၇ ရက်က အိမ်ဝင်းအတွင်း မြေကြီးထဲမှာ စဉ့်အိုးလေးကိုတွေ့လို့ တုတ်နဲ့ခြစ်ကြည့်ရင်းနဲ့ တွေ့ခဲ့တာပါ။ ကျေးရွာကအုပ်ချုပ်ရေးမှူးက ရှေးဟောင်းပစ္စည်း ဖြစ်နိုင်တယ်လို့ ပြောလို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလာပြီး အပ်နှံခဲ့တာပါ။ အခုပစ္စည်းတွေကို ဆိုင်တွေမှာသွားရောင်းရင်တောင် သိန်း ၂၀ လောက်ပဲရမှာပါ။ နိုင်ငံတော်ကို တရားဝင်အပ်နှံတဲ့အတွက် ဆုကြေးငွေအဖြစ်ငွေကျပ် သိန်းလေးဆယ်ကျော် ပြန်လည်ချီးမြှင့်တဲ့အတွက် အများကြီးဝမ်းသာပါတယ်။ သက်ဆိုင်ရာကိုတရားဝင် အပ်နှံမယ်ဆိုရင် ထိုက်သင့်တဲ့ဆုကြေးတွေ ရနိုင်သလို ဂုဏ်ပြုမှတ်တမ်းလွှာလည်းရတဲ့အတွက် အပ်နှံသင့်ပါတယ်" ဟုပြောသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ပေးအပ်သော ဆုကြေးငွေများပေးအပ်ပွဲတွင် ရွှေထည်ပစ္စည်းများ အပ်နှံသူ အရာတော်မြို့နယ် ဝါးယောင်းကျေးရွာမှ ဒေါ်နှင်းနှင်းမြအား ငွေကျပ် ၄၄၃၀၆၉၂ အားလည်းကောင်း၊ ကြေးခေတ် အသုံးအဆောင်ပစ္စည်းများအပ်နှံသူ ဘုတလင်မြို့နယ် တွင်းတော်ကျေးရွာမှ ဦးဇော်အား ငွေကျပ် ၂၃၁၆၂၀ အားလည်းကောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ပေးအပ်ချီးမြှင့်သော ဆုကြေးငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၈**
မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံး အားကစားပြိုင်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ (B) ၌ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆုရရှိသော ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းတို့အား အာရှခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက လည်းကောင်း၊ အတိုးတက်ဆုံးအသင်း ဆုရရှိသွားသော မွန်ပြည်နယ်အသင်းအား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဌေးအောင်ကျော်ကလည်းကောင်း၊ အမျိုးသမီး တက်သစ်စ အားကစားဆုရရှိသွားသော ခိုင်သဇင်ဖြိုး (ရန်ကုန်) နှင့် အမျိုးသား တက်သစ်စအားကစားသမားဆုရရှိသွားသော ကျော်ရန်နိုင် (တနင်္သာရီ)တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က လည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု ရရှိသွားသော သီရိကျော်(မန္တလေး)နှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆု ရရှိသွားသော နေလင်းထွန်း(ရန်ကုန်) တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း၊ အမျိုးသမီးလေးပေါက်တန်းပြိုင်ပွဲတွင် ပထမဆု ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် တတိယဆုရရှိသွားသော ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့အား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ပထမဆု ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဒုတိယဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလား၊ အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီး အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စော**

# မိတ္ထီလာရှိဆေးဝါးအရောင်းဆိုင်များ၌ တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများ ရောင်းချမှု ရှိ-မရှိ စစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၈**
မိတ္ထီလာရှိ ဆေးဝါးအရောင်းဆိုင်များ၌ တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများ ရောင်းချမှု ရှိ-မရှိအား စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်းက ဆေးဝါးအရောင်းဆိုင်တွေမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင်ဆေးဝါး၊ သက်တမ်းလွန်ဆေးဝါးတွေနဲ့ စပ်ဆေးတွေရောင်းချမှုရှိ၊ မရှိကို ပူးပေါင်းစစ်ဆေးတာပါ။ ပညာပေးကာလဖြစ်တာမို့ ရှာဖွေစစ်ဆေးတွေ့ရှိတဲ့ တရားမဝင်ဆေးဝါးတွေ၊ သက်တမ်းလွန်ဆေးဝါးတွေနဲ့ စပ်ဆေးတွေကို သိမ်းဆည်းပြီး ဆေးဆိုင်ပိုင်ရှင်ကို အဲဒီလိုဆေးဝါးမျိုး နောက်နောင်ရောင်းချခြင်းမပြုတော့ဘူးဆိုတဲ့ ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းပါတယ်။ ပညာပေးကာလကို မေလကနေ အောက်တိုဘာလကုန်အထိ သတ်မှတ်ထားတာပါ။ အောက်တိုဘာလကုန်နောက်ပိုင်းမှာ အခုလိုကွင်းဆင်းစစ်ဆေးဆောင်ရွက်လို့တွေ့ရှိခဲ့ရင် အမျိုးသားဆေးဝါးဆိုင်ရာ ဥပဒေနဲ့အညီအရေးယူဆောင်ရွက်သွားမှာပါ"ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးခွဲမှဦးစီးအရာရှိဒေါက်တာကျော်သန်းဆွေက ပြောသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွင် တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ရေးဦးစီးဌာနခွဲမှဒုတိယညွှန်ကြားရေးမှူးဒေါက်တာအေးငြိမ်းမြတ်၊ ဦးစီးအရာရှိဒေါက်တာစိုင်းဘုန်းမြင့်ကျော်၊ မိတ္ထီလာခရိုင်ရုံးခွဲမှ ဦးစီးအရာရှိဒေါက်တာကျော်သန်းဆွေ၊ ဒုတိယခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန္တာလင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနဦးစီးအရာရှိ ဦးကျော်မြင့်၊မြို့မရဲစခန်းမှဒုရဲအုပ်ဇာခြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စစ်ဆေးရေးမှူး(၂) ဦးမျိုးဇော်ဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းထွန်းတို့ ပါဝင်ပြီး စစ်ဆေးသည့် ဆေးအရောင်းဆိုင်များတွင်တွေ့ရှိသော တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများကိုသိမ်းဆည်းကာ ယင်းဆေးဆိုင်ပိုင်ရှင်များအား ဝန်ခံကတိလက်မှတ်များ ရေးထိုးစေခဲ့သည်။ မိတ္ထီလာတွင် ဆေးဝါးအရောင်းဆိုင် ၆၀ ခန့်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းသွားသည့်ဆေးအရောင်းဆိုင်အချို့လည်းရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**နွားထိုးကြီး စက်တင်ဘာ ၈**
မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် ဘေးအန္တရာယ်များ ကျရောက်လာပါက လျင်မြန်စွာ ကူညီနိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများ အားထားရမည့် တပ်ဖွဲ့ဝင်များဖြစ်စေလိုကြောင်း၊ ဘေးအန္တရာယ်များကျရောက်လာပါက သင်ကြားတတ်မြောက်လာသည့် နည်းစနစ်များအတိုင်း လျင်မြန်စွာ ကူညီကယ်ဆယ်နိုင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းတွင် ဆုရရှိသော သင်တန်းသားများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်မြို့နယ်မီးသတ်တပ်ဖွဲ့မှူးတို့က ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်စော(မြန်/ဆက်)**



# ဖလမ်းလေဆိပ်(ဆူရ်ဘုန်)လေယာဉ်ကွင်း ၂၀၂၀ ပြည့်နှစ်၌ အပြီးတည်ဆောက်မည်

**ဖလမ်း စက်တင်ဘာ ၈**

ချင်းပြည်နယ်အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုအဆင်ပြေကောင်းမွန်ပြီး ဒေသတွင်း ခရီးသွားနှုန်း မြင့်တက်လာစေရန်၊ လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပခရီးသည်များ အလွယ်တကူလည်ပတ်နိုင်စေရန်နှင့် လက်ရှိဖော်ဆောင်နေသော သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများ အထောက်အကူပြုနိုင်ရန် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းအဖြစ် ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်ပေါ်တွင်ဖလမ်းလေဆိပ်(ဆူရ်ဘုန်)ကို ငါးနှစ်စီမံကိန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင် တည်ဆောက်လျက်ရှိရာ ၂၀၂၀- ၂၀၂၁ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

အဆိုပါ လေယာဉ်ကွင်း တည်ဆောက်ရန် စီမံကိန်းတစ်ခုလုံးအတွက် နိုင်ငံတော်က ရန်ပုံငွေကျပ် ၂၅ ဘီလီယံအသုံးပြုရန်လျာထားပြီး လက်ရှိတွင် ငွေကျပ်သန်းပေါင်း ၂၉၀၀ အထိ အသုံးပြုထားပြီးဖြစ်ကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်မှုပြီးစီးပါက ခံနိုင်ရည်စွမ်းအားပေါင် ၅၀၀၀၀ ရှိသော ART-၇၂ လေယာဉ်များပါ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်ကွင်းတည်ဆောက်မှုတွင် လေကြောင်းပြေးလမ်းအနေဖြင့်အရှည်ပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀ ကျယ်ဝန်းကြောင်း၊ လေယာဉ်ပြေးလမ်းတစ်ဖက်တစ်ချက်စီသည် ပေ ၅၀၀ ကျယ်ဝန်းပြီး လေယာဉ်ရပ်နားရန်နေရာကို အလျားပေ ၂၅၀ နှင့် အနံပေ ၂၅၀ သတ်မှတ်ကြောင်း၊ ပေ ၂၀၀ × ၈၆ ပေရှိ လေဆိပ်အဆောက်အအုံ၊ ရေထုတ်မြောင်းနှင့် Control Tower များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း အချက်အချာကျပြီး လေယာဉ်ကွင်း တည်ဆောက်ရန်မြေနေရာအနေအထား ကောင်းမွန်သည့် ဖလမ်းမြို့မှ လေးမိုင်ခန့်အကွာ ရိခေါဒါရ်မြို့ သွားလမ်းပေါ်ရှိဆူရ်ဘုန်တောင်ကြောတစ်လျှောက်တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းကို စတင်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးပါက အခြားလေကြောင်းလိုင်းနှင့် ဆက်နွယ်သောလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် တောင်တန်းဒေသဖြစ်သဖြင့် လေယာဉ်ကွင်း တည်ဆောက်ရာတွင် အလွန်ခက်ခဲကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဖလမ်းမြို့မှာ လေယာဉ်ကွင်းလုပ်ရတာက ဒေသခံတွေလည်းတောင်းဆိုပြီး အသုံးပြုလို့ရတဲ့ အနေအထားမှာရှိလို့ လုပ်ဆောင်တာဖြစ်တယ်။ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူဖြစ်စေဖို့ပါ။ အခု အနေအထားအရ ကလေးမြို့မှာ လေယာဉ်ကွင်းရှိတဲ့အတွက် ဖလမ်းကိုသွားရင် လမ်းအခြေအနေကြောင့် ကားနဲ့ငါးနာရီကြာထပ်စီးရတယ်။ လေယာဉ်ကွင်း တည်ဆောက်ပြီးရင်တော့ ကလေးမြို့ကနေ ဖလမ်းမြို့ကို လေယာဉ်နဲ့ ၃၅ မိနစ်ပဲ စီးရတော့မယ့်အပြင် ရန်ကုန်၊ မန္တလေး စတဲ့နေရာတွေလည်း တိုက်ရိုက်သွားနိုင်တော့မှာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"တိုင်းတာသူတွေက လေယာဉ်ကွင်းအတွက် ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့ သုံးနေရာကြည့်ခဲ့ကြတာ တည်နေရာပထဝီအနေအထားအရ အဖြစ်နိုင်ဆုံးနဲ့နေရာအကောင်းဆုံးကတော့ ဒီဖလမ်းမြို့နယ်က ဆူရ်ဘုန်တောင်ဖြစ်တယ်လို့ မှတ်ချက်ချထားတာပါ။ အခုလေယာဉ်ကွင်း တည်ဆောက်ပြီးစီးသွားရင် ချင်းပြည်နယ်(မြောက်ပိုင်း) မြို့တွေဖြစ်တဲ့ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နဲ့ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့စတဲ့နေရာတွေကို လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မယ်။

ဒါ့အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်တွေပါ လာရောက်လည်ပတ်ဖို့လွယ်ကူလာမှာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးလာမှာဖြစ်တယ်။ ဖလမ်းလေယာဉ်ကွင်း ဆောင်ရွက်ပြီးသွားရင်တော့ ဟားခါးမြို့၊ လိုင်လင်ပီးမြို့၊ ထန်တလန်မြို့၊ တီးတိန်မြို့၊ ပလက်ဝမြို့တို့မှာလည်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအပြင် NGO အကူအညီတွေနဲ့ လေယာဉ်ကွင်းငယ် ငါးခုကို ထပ်မံဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ချင်းပြည်နယ်သို့ လာရောက်လည်ပတ်မည်ဆိုပါက ကလေးလေဆိပ်မှတစ်ဆင့် ကား၊ ဆိုင်ကယ်တို့ဖြင့် ဖလမ်းမြို့သို့ ဆက်လက်ခရီးနှင်ရကြောင်း၊ ချင်းတောင်ကားလမ်းများသည် မိုးတွင်းကာလမြေပြိုလမ်းပိတ်ခြင်းနှင့် လမ်းနေရာအချို့ ပျက်စီးခြင်းများရှိသဖြင့် ခရီးသွားလာရေးတွင် နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း၊ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုဖြစ်လာမည့် ဖလမ်းလေယာဉ်ကွင်း (ဆူရ်ဘုန် လေဆိပ်) သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဒေသခံချင်းတိုင်းရင်းသား မြို့မိမြို့ဖတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် လေယာဉ်ကွင်းမရှိသည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်ပြီး ချင်းတိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ နှစ်ရှည်လများ မျှော်မှန်းခဲ့ကြသော လေယာဉ်ကွင်းအိပ်မက်သည် ယခုအခါ အမှန်တကယ်ပင် မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည်ဖြစ်သည်။

**ခိုဟေဆာ**

## နည်းပညာကမ္ဘာမှာ စာတတ်မြောက်ရေးသည်အခရာ ဆောင်ပုဒ်ဖြင့် ၂၀၁၇ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ မုံရွာမြို့တွင်ကျင်းပ

**မုံရွာ စက်တင်ဘာ ၈**

၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားနှင့် ဆုပေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းတွင်း ပညာရေးအခြေခံဖြစ်သော ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံးအခြေခံပညာမူလတန်းအဆင့်ပြီးဆုံးစေရေး၊ ကျောင်းပြင်ပ ပညာဖြစ်သော သက်ကြီးစာမတတ်သူပပျောက်ရေး၊ စာတတ်မြောက်ပြီးသူတိုင်း စာဖတ်ရှိန်မြှင့်တင်ပြီး မိသားစုဝင်ငွေတိုးစေရေး စသောလုပ်ငန်းများသည် မြန်မာ့ပညာရေး မျှော်မှန်းချက်၏ အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံးလုပ်ငန်းဖြစ်ရာ ရည်မှန်းချက် အကောင်အထည်ဖော်ဆောင်နိုင်ရန် အဆိုပါအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားကာ တာဝန်ရှိသူများနှင့်အတူ ၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သော စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများမှ ဆုရစာမူများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓမ္မဒေယျာတိုင်း)**



## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

**ဝိုင်းမော် စက်တင်ဘာ ၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်ပြည့်ဝစေရန် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၁၇) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်ဆွန့်က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် အကောင်းဆုံးစံပြဆု၊ မီးသတ်ထူးချွန်ဆုနှင့် ဖွဲလုံ့လဆုရရှိကြသော သင်တန်းသားများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်ဆွန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်းတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ အမှတ် (၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တပ်သားဘောမ်ဇုန်းတို့က သင်တန်းသားများကိုယ်စား လက်ခံရယူခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၈**

ကချင်ပြည်နယ်ပညာရေးမှူးရုံးမှကြီးမှူး၍ ၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက 'အားလုံးအတွက်ပညာရေး' တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က မြန်မာနိုင်ငံအတွင်း စာတတ်မြောက်ရေး သမိုင်းစဉ်လှုပ်ရှားမှုနှင့် ယနေ့စာတတ်မြောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကချင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားကာ ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFMSE) ကျောင်းသား၊ ကျောင်းသူများက 'ပန်းပေါင်းဝေစည်ပွင့်ကြသည်' တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက 'တို့အင်တို့အား' တေးသီချင်းကို ဖျော်ဖြေသီဆိုကာ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များက စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြခန်းငယ်ကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ အင်အား ၄၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## လုပ်ငန်းများကို သိက္ခာသမာဓိရှိမှု၊ လုံ့လဝီရိယတို့ဖြင့်ဆောင်ရွက်



**မြစ်ကြီးနား စက်တင်ဘာ ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် နံနက် ၉ နာရီက ပြည်နယ်စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စာရင်းစစ်ချုပ်၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးတို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများအား ဝန်ထမ်းများနှင့် တွေ့ဆုံပြီးဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရှင်ကျင့်ဝတ်များနှင့်အညီ သိက္ခာသမာဓိရှိမှု၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိပြီး လုံ့လဝီရိယဖြင့် ဆင်ခြင်တုံတရားနှင့်အတူ ဆောင်ရွက်တတ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်သော်လည်း ကျင့်ဝတ်သိက္ခာနှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည့်အတွက် လျှို့ဝှက်ချက်များ မပေါက်ကြားစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ စာရင်းစစ်စံ၊ စာရင်းစံများဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်သုံးသပ် သွားရန်လိုအပ်ပါကြောင်း၊ ယခု ပြင်ဆင်ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ ပြောင်းလဲဆောင်ရွက်ရမည့် စစ်ဆေးရေးနည်းစနစ်များကိုလည်းကောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတိပြုဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်က ဝန်ထမ်းရေးရာကိစ္စရပ်များ၊ စစ်ဆေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်နေမှုများနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြပြီး ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများမှ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု စာရင်းစစ်ချုပ်က လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စက်တင်ဘာ ၆ ရက်တွင်လည်း မိုးညှင်းခရိုင်အတွင်းရှိ ခရိုင်စာရင်းစစ်ရုံးနှင့် မိုးကောင်းမြို့နယ်စာရင်းစစ်ရုံးတို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

# ပညာရေးနှင့် လူ့အခွင့်အရေးကဏ္ဍ

ဒေါက်တာခိုင်ခိုင်ဝင်း

ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်သည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်သည်။ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများ ဆက်စပ်နေမှုကို အသိအမှတ်ပြု၍ နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများကို လေးစားလိုက်နာရန် ချမှတ်ရေးဆွဲထားသည့် ကောင်းမွန်သည့် ရည်မှန်းချက်ဟုဆိုချင်ပါသည်။

အလားတူ ပညာရေးဝန်ကြီးဌာန၏ မူဝါဒများထဲမှ မူဝါဒတစ်ခုကို ကြည့်မည်ဆိုလျှင် ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် ပညာရေး အထူးဝန်ဆောင်မှု အစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ် ထားရှိရေးဟု ဖော်ပြရေးသားထားသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါအချက်သည် လူ့အခွင့်အရေး အခြေခံသဘောတရားဖြစ်သည့် ခွဲခြားမှုမရှိရေး၊ တန်းတူညီမျှရေးကို အလေးပေးထားသည့် အချက်ဖြစ်သလို မသန်စွမ်းသူ နိုင်ငံသားများကိုလည်း အသိအမှတ်ပြု၍ ပညာသင်ကြားခွင့်ကို တန်းတူညီမျှ အသိအမှတ်ပြုလက်ခံသည့် ပညာရေးမူဝါဒအဖြစ် ဂုဏ်ယူဖွယ်မြင်တွေ့ရပါသည်။



## လူ့အခွင့်အရေးများရရှိ

မသန်စွမ်းသူ ကလေးသူငယ်တိုင်းသည် သန်စွမ်းသည့်ကလေးများနည်းတူ လူ့အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်နှင့် အခြေခံလွတ်လပ်ခွင့်များညီမျှစွာရပိုင်ခွင့်ရှိသူများဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကိုပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန် ရည်ရွယ်လျက် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် မသန်စွမ်းများ၏ အခွင့်အရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ဤဥပဒေတွင် မသန်စွမ်းသူများ၏ ပညာရေးနှင့် စပ်လျဉ်းပြီး ဥပဒေ၏ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည်မှာ မသန်စွမ်းသူတိုင်းသည် အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။ အလားတူ ပုဒ်မခွဲ (ခ)တွင် အစိုးရပိုင်၊အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်ကျောင်းများ၊ သင်တန်းများ၊ သိပ္ပံများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ပုဂ္ဂလိကပညာသင်ကျောင်းနှင့် ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းများတွင်လည်းကောင်း ပညာသင်ယူပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်ကို ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတော်မှ မသန်စွမ်းသူ နိုင်ငံသားများ၏ပညာရေးအတွက် ဥပဒေဖြင့် အာမခံချက်ပေးထားသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရမည်ဖြစ်သည်။

## တန်းတူညီမျှ

ထို့ပြင် ဥပဒေ အခန်း (၆) တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) တွင် မသန်စွမ်းသူ တစ်ဦးဦးက ကျောင်းဝင်ခွင့်လျှောက်ထားချက်ကို အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှ ခိုင်လုံသောအကြောင်းမရှိဘဲ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရဟုလည်းကောင်း၊ ပုဒ်မခွဲငယ်(ခ)တွင် ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသော အကြောင်းမရှိဘဲ အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှ ထုတ်ပယ်ခြင်းမပြုရဟု တားမြစ်ချက်များပြဋ္ဌာန်းထားပြီး ပုဒ်မ ၈၀ တွင် မည်သူမဆို ပုဒ်မ ၇၄ ပါတားမြစ်ချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၅) သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြစ်ဒဏ်များ ပြဋ္ဌာန်းထားခြင်းသည် မသန်စွမ်းသူများ၏ (Right to Education) ကိုနိုင်ငံတော်မှ ဖြည့်ဆည်းပေးခြင်းမည်ပါသည်။ ပညာရေးတွင် ခွဲခြားမှုမရှိရေး၊ တန်းတူညီမျှရေး၊ အားလုံးအကျုံးဝင်ပါဝင်ခြင်းကို အသိအမှတ်ပြုခြင်းလည်းမည်ပါသည်။

ပညာရေးဟူသည် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးအတွက် အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှု တစ်ခုပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေး၊ ပညာရေးစနစ်သည် အမှန်ပင်အရေးကြီးပါသည်။ နိုင်ငံတွင် ပညာတတ်မြောက်သူဦးရေ များလေလေ ပညာဉာဏ်ဖြင့် စဉ်းစားချင့်ချိန် ဝေဖန်သုံးသပ်နိုင်သူများလေလေ၊ ပညာဖြင့်နိုင်ငံကို တည်ဆောက်သူများလေလေဖြစ်သည်။ သို့အတွက် အနာဂတ်နိုင်ငံတော်ကို ပညာဖြင့် တည်ဆောက်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးသူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးသည် အမှန်ပင်အရေးကြီးလှပါသည်။

## လူ့အခွင့်အရေးသင်ကြား

အခြေခံပညာ သင်ရိုးညွှန်းတမ်းများတွင် လူ့အခွင့်အရေး အခြေခံသဘောတရားများကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စတင်မည့် ဒုတိယတန်း ( Grade 2) တွင် စတင်ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၏ပြောကြားချက်များကို သတင်းမီဒီယာများမှ သိရှိခဲ့ရပါသည်။ အနာဂတ် မျိုးဆက်သစ်များအတွက် အမှန်ပင်ကောင်းမွန်သည့် အစီအစဉ်ဖြစ်ပြီး လူ့အခွင့်အရေး သဘောတရားများ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် ဘက်စုံပညာရေးစနစ်တွင် မျိုးဆက်သစ်များသည် လူ့အခွင့်အရေးအား မှန်ကန်စွာ ရရှိခံစားရုံသာမက တာဝန်ယူတတ်သော အခြေခံအလေ့အကျင့်ကောင်းများ ဖြစ်တည်လာမည်လည်း ဖြစ်သည်။

ဤနေရာတွင် အရေးကြီးသည်မှာ ကလေးသူငယ်များအား သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍဖြစ်သည်။ အခြေခံပညာရေးတွင် လူ့အခွင့်အရေး ဘာသာရပ်အသိပညာများ ထည့်သွင်းသွားရန် စီစဉ်ထားရှိမှုများအား ဝမ်းသာကြိုဆိုလက်ခံသော်လည်း သင်ကြားမှုသည် ထိရောက်မှုဖြစ်စေရေးအတွက် သင်ကြားပြသပေးမည့် ဆရာ၊ ဆရာမများ၏ စွမ်းရည်များကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ဆရာ၊ ဆရာမများ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အယူအဆ၊ သဘောတရား ဗဟုသုတ ပြည့်ဝနေစေရေးအတွက် ထိရောက်သည့် သင်တန်းများ ပို့ချရန်လည်း လိုအပ်ပါသည်။

သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများသည် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အခြေခံဗဟုသုတ အသိပညာကြွယ်ဝနေရမည့်အပြင် လူ့အခွင့်အရေး အမြင်၊ လူ့အခွင့်အရေးရှုထောင့်များဖြင့် သင်ကြားလမ်းညွှန်ပြသနိုင်သည့် အရည်အချင်းကောင်းများရှိနေရမည်လည်းဖြစ်သည်။ မရှိမဖြစ်လိုအပ်ပါသည်။ သို့မှသာ ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် ကလေးသူငယ်များအား လူ့အခွင့်အရေး သဘောတရားများကို ရှင်းလင်းပြောဆိုသင်ကြားပို့ချနိုင်မည်လည်းဖြစ်သည်။

ဥပမာအားဖြင့် ခွဲခြားမှုမရှိရေး သင်ကြားပို့ချပေးမည့် ဆရာ ဆရာမ ကိုယ်တိုင်၏ အပြုအမူ၊ အပြောအဆိုသည် ကလေးသူငယ်တိုင်းကို အမှန် ခွဲခြားမှုမရှိသည့် အပြုအမူ အပြောအဆိုဖြင့် နေထိုင်ကျင့်ကြံ၍ ကလေးများ၏ စံပြအဖြစ် ပြုမူပြောဆိုနေထိုင်ရမည်ကို သတိချပ်ရပါမည်။ သင်ကြားပို့ချနေသည့် အချိန်တစ်ခုထဲတွင်မဟုတ် အချိန်တိုင်းတွင် ဆရာ ဆရာမများ၏ အပြုအမူအပြောအဆိုသည် အလွန်ပင်အရေးကြီးပါသည်။ အကြောင်းမှာ ကလေးများ၏အနီးကပ် ယုံကြည်မှုအရှိဆုံးနှင့် စံပြပုဂ္ဂိုလ်များမှာ ဆရာ ဆရာမများဖြစ်နေသောကြောင့်ဖြစ်သည်။ လူ့အခွင့်အရေးအကြောင်း သင်ကြားပို့ချနေသူကိုယ်တိုင် လူ့အခွင့်အရေး စံချိန်စံနှုန်း၊ အခြေခံသဘောတရားများအတိုင်း နေထိုင်ကျင့်ကြံရေးသည် အရေးတကာ့အရေးကြီးဆုံးဖြစ်သည်။

ယနေ့ နိုင်ငံတော်မှ ဦးတည်လျှောက်လှမ်းနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် ဒီမိုကရေစီနှင့် ဆက်စပ်ပတ်သက်နေသည့် လူ့အခွင့်အရေးစံချိန်စံနှုန်း အသိပညာများပြည့်ဝနေဖို့ရာ အရေးကြီးပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအား အလေးထားပြောဆိုလာကြသော အချိန်ဖြစ်သည့်အလျောက် ငယ်ရွယ်စဉ် ကလေးဘဝကတည်းက လူ့အခွင့်အရေးအသိပညာ အခြေခံများအား သိရှိထားခြင်းသည် စည်းကမ်းဖြင့် တည်ဆောက်ကြမည့် အနာဂတ်ဒီမိုကရေစီနိုင်ငံအတွက် အမှန်ပင် ကောင်းမွန်လှပါသည်။

## သိရှိနားလည် လိုက်နာကျင့်သုံး

ငယ်ရွယ်စဉ် ကလေးဘဝကပင် လူ့အခွင့်အရေး အခြေခံသဘောတရားများ မှန်ကန်စွာ သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်ဖို့ရာ အရေးကြီးပါသည်။ သို့အတွက် အခြေခံပညာကျောင်းများတွင် လူ့အခွင့်အရေး သဘောတရားများပို့ချနိုင်ဖို့ရာ စဉ်းစားတွေးခေါ်ဆုံးဖြတ်ခဲ့သည့် တာဝန်ရှိသူများအား ကျေးဇူးတင်ရပါသည်။

အခြေခံပညာကျောင်း သင်ရိုးညွှန်းတမ်းတွင် လူ့အခွင့်အရေး၏ အခြေခံသဘောတရားများ၊ ဗဟုသုတများ ထည့်သွင်း၍ လေ့လာစေခြင်းဖြင့် လူ့အခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးတတ်သော လူ့အခွင့်အရေး၏ တာဝန်ရှိမှုကို သိတတ်သော မျိုးဆက်သစ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို စည်းကမ်းပြည့်ဝစွာဖြင့် တည်ဆောင်နိုင်မည့် အဖိုးတန်သားကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။

ဤနေရာတွင် ကလေးသူငယ်များအား လူ့အခွင့်အရေးများသင်ကြားပို့ချသည့်အတွက် ကလေးများ၏ စည်းကမ်းလိုက်နာမှုများ အားနည်းသွားမည်ကို စိုးရိမ်နေကြသူများလည်းရှိပါသည်။ လူ့အခွင့်အရေး သဘောတရားများထည့်သွင်းသင်ကြားပို့ချခြင်း၏အဓိကရည်ရွယ်ချက်များမှာ ကလေးသူငယ်များသည် မိမိတို့၏ အခွင့်အရေးနှင့် တာဝန်ကို ခွဲခြားသိမြင် လက်ခံလာနိုင်ခြင်း၊ ချမှတ်ထားသောစည်းကမ်းများကို လိုက်နာ၍ စည်းကမ်းနှင့်အညီ နေထိုင်၊ သွားလာ၊ ပြောဆိုတတ်လာနိုင်ခြင်း၊ လူအချင်းချင်း ခွဲခြားမှုမရှိ၊ လေးစားမှုရှိစွာ အပြန်အလှန်ဆက်ဆံလာနိုင်ခြင်း၊ အခြေခံ လွတ်လပ်ခွင့် သဘောတရားများကို ငယ်ရွယ်စဉ်ကပင် သိရှိနားလည်လာနိုင်ခြင်း၊ လူသားတစ်ဦးချင်းစီ၏ တန်ဖိုး၊ ဂုဏ်သိက္ခာတို့ကို သိမြင်လာနိုင်ခြင်း အစရှိသည့် ရည်ရွယ်ချက်များဖြင့် သင်ကြားပို့ချကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## လူ့အခွင့်အရေးနှင့်တာဝန်

ဥပမာအားဖြင့် နံနက် ၉ နာရီတွင် ကျောင်းစတင်တက်၍ ကျောင်းဝတ်စုံ အဖြူနှင့် အစိမ်းဝတ်ရမည် ဆိုသည့်စည်းကမ်းကို ကလေးများမှ ၎င်းတို့၏ အခွင့်အရေးအရ ဝတ်ချင်သည့်ဝတ်စုံဝတ်၍ လာချင်သည့်အချိန် ကျောင်းလာမည်ဆိုခြင်းသည် လူ့အခွင့်အရေး မဟုတ်ပါ။ ဤနေရာတွင် လူ့အခွင့်အရေးမှာ ကလေးသူငယ်တစ်ဦးအတွက် ၎င်း၏ အခွင့်အရေး (Right to Education) အရ ပညာသင်ကြားနိုင်ရန် နိုင်ငံတော်မှ အခွင့်အရေးဖြည့်ဆည်းပေးသည့်အနေနှင့် ကျောင်းများတည်ဆောက်၊ ဆရာ ဆရာမများ ခန့်အပ်၍ ကလေးသူငယ်များ၏ ပညာရေးအတွက် ဆောက်ရွက်ပေးခြင်းသည် လူ့အခွင့်အရေးဖြစ်ပြီး ကလေးသူငယ်၏ တာဝန်မှာ ပညာကိုတတ်မြောက်အောင်သင်ယူရန်နှင့် ကျောင်းမှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေးပင်ဖြစ်သည်။ အခွင့်အရေး၊ တာဝန်နှင့် စည်းကမ်းများကို မရောထွေးစေရေးသည် အလွန်ပင် အရေးကြီးပါသည်။

အခြေခံပညာကျောင်းများတွင် လူ့အခွင့်အရေး သဘောတရားများ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် အခွင့်အရေးနှင့် တာဝန်၊ စည်းကမ်းတို့ကို ခွဲခြားသိမြင်လာ၍ စည်းကမ်းပြည့်ဝသော အနာဂတ် သားကောင်းရတနာလေးများဖြစ်လာမည်ဟု ယုံကြည်ပါသည်။ မှန်ကန်စွာ အသုံးချတတ်ဖို့ရာ အရေးကြီးပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် လူ့အခွင့်အရေး အခြေခံသဘောတရားများ နားလည်၊ လက်ခံ၊ လေးစား၊ ကျင့်သုံးလိုက်နာသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြင့် တရားမျှတသည့် လူ့ဘောင်လောက ပေါ်ထွက်လာစေရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် ယနေ့ချိန်မှစတင်ပြီး အခြေခံပညာကျောင်းများတွင် လူ့အခွင့်အရေးသဘောများ ထည့်သွင်းသင်ကြားခြင်းကို အရည်အချင်းပြည့် ဆရာ၊ ဆရာမများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းခြွေလိုက်ရပါသည်။ ။

# ဗုဒ္ဓသာသနာသမိုင်းကို အခြေပြုထားသည့် The Great Myanmar ဇာတ်ကားကြီး မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် ပြသမည်

**မြန်မာလူမျိုးတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကိုအခြေခံပြီး ပုဂံရာဇဝင်ကို နောက်ခံထားရိုက်ကူးထားကာ အထူးသဖြင့် ဗုဒ္ဓဘာသာ သာသနာထွန်းတောက်ခဲ့သည့်သမိုင်းကို အခြေပြုထားသော The Great Myanmar (ကြီးမြတ်သောမြန်မာ)ဇာတ်ကားကြီးသည် စက်တင်ဘာ ၁၅ ရက်တွင်ပြုလုပ်မည့် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်အတွက် ပြသပေးသွားမည့် ဇာတ်ကားငါးကားအနက်မှ တစ်ကား အပါအဝင် ဖြစ်သည်။**



သရုပ်ဆောင် ဝါဆိုမိုးဦး



သရုပ်ဆောင် နိုင်းနိုင်း

ယင်းဇာတ်ကားကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ဇာတ်ကားကြီး ဖြစ်လာမည့်အပြင် ရုပ်ရှင်ဇာတ်ကားအမျိုးအစား မဟုတ်ဘဲ မှတ်တမ်းများကိုသာ အသားပေးဖော်ပြပေးသွားမည့် ဇာတ်ကားလည်းဖြစ်သည်။ ကြီးမြတ်သောမြန်မာဟု အမည်ပေးထားသော အဆိုပါဇာတ်ကားကြီးကို Forever Group နှင့် ကိုရီးယား EBS အဖွဲ့တို့ပူးပေါင်းရိုက်ကူးခဲ့ခြင်းဖြစ်ပြီး အဓိက သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ရဲအောင်၊ ထိုက်စံမော့စ်၊ ဝါဆိုမိုးဦး၊ ဂျူးဂျူးကေ၊ မြတ်သူသူဇင်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ကာ နိယျာယနရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဗုဒ္ဓဘာသာသမိုင်းကို အခြေပြုတင်ဆက်ထားပြီး ဇာတ်ညွှန်းနှင့် ရိုက်ကူးခြင်းများကို ကိုရီးယားနှင့် ဖက်စပ်လုပ်ကိုင်ကာ လေးနှစ်ကျော်ကြာအောင် အချိန်ယူစီစဉ်ခဲ့ရသည့်အပြင် အမေရိကန်ဒေါ်လာ နှစ်သန်း အကုန်အကျခံကာ ရိုက်ကူးခဲ့ရသည့် ကြီးမြတ်သောမြန်မာဇာတ်ကားကြီးနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ခဲ့သည့် Forever Group၊ ပါဝင်ခဲ့သည့် အနုပညာရှင်များနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဦးအောင်ကျော်မိုး**
**(Head of Production & Resources,Forever Group)**

ကျွန်တော်တို့ Forever Group အနေနဲ့ ဒီဇာတ်ကားကြီးကို လက်ခံရိုက်ကူးတယ်ဆိုတာ အဓိက ကိုယ့်နိုင်ငံအတွက် Pioneer ဖြစ်စေချင်တာပေါ့။ ပြီးတော့ နိုင်ငံခြားက လာရိုက်တဲ့ပုံစံနဲ့ ကျွန်တော်တို့ ဒီဘက်က ပူးပေါင်းပြီး လုပ်တဲ့ ဒီဇာတ်ကားလေးက ရိုးရိုးမှတ်တမ်းရုပ်ရှင်မဟုတ်ဘူး။ ရှုခင်းအလှကို မဟုတ်ဘူး။ ကိုယ့်မြန်မာဗုဒ္ဓဘာသာသမိုင်းကို သိစေလိုတာပါ။ ဗဟုသုတ အများကြီးလည်းရစေလိုတယ်။ ပြောရရင် ကျွန်တော်တို့ကိုယ်တိုင် ရိုက်ကူးရေးလုပ်မှ သိလိုက်ရတာတွေ အများကြီးပါ။ ရှေ့နဲ့ပတ်သက်ပြီးလည်း ကိုယ့်နိုင်ငံမှာ အဖိုးမဖြတ်နိုင်တဲ့အရာတွေ အများကြီးရှိတယ်ဆိုတာ ပြချင်တယ်။ မြန်မာလူမျိုးတွေအနေနဲ့ ဒါကို လုပ်နိုင်တယ်ဆိုတာ သိစေချင်တယ်။ တကယ်ရှိတဲ့သမိုင်းကို ကျွန်တော်တို့အနုပညာနဲ့ အနှစ်သာရပြည့်ဝအောင် လုပ်ထားတာပါ။

ပြီးတော့ ကိုရီးယားနဲ့ ဖက်စပ်လုပ်တယ်ဆိုတာကလည်း မြန်မာလူမျိုးတွေအတွက် 3D ရုပ်ရှင်လေးအဖြစ် ပြချင်တယ်။ ဒီ 3D နည်းပညာကလည်း ကျွန်တော်တို့ဆီမှာ မထွန်းကားသေးဘူး။ ကိုရီးယားနဲ့ ဖက်စပ်လုပ်တယ်ဆိုတာကလည်း နည်းပညာအတွက် ပူးပေါင်းတာပေါ့။ ပူးပေါင်းပြီး ရိုက်ကူးရေးလုပ်တဲ့အခါမှာ အခက်အခဲတွေတော့ရှိတယ်။ ဘုရားစေတီတွေမှာ ရိုက်ရတာဆိုတော့ သူတို့နားလည်အောင် ရှင်းပြရတာတွေရှိတယ်။ သူတို့ကတော့ စနစ်ကျတယ်။ အဝတ်အစားတွေဆိုလည်း သူတို့စိတ်ကြိုက် အသားကိုရမှ၊ စိတ်ကြိုက်ဒီဇိုင်းကိုရမှဆိုတော့ ဒီဇိုင်နာအားလုံးနီးပါး ကျွန်တော်တို့ ခေါ်သွားရတယ်။ အသုံးအဆောင်ပစ္စည်းတွေဆိုလည်း တကယ့်ငွေအစစ်တွေ၊ ကြေးအစစ်တွေ၊ ဓားတွေဆိုလည်း တကယ့်စတီးအစစ်တွေနဲ့ပဲ ကျွန်တော်တို့ လုပ်ထားတာ။ ဇာတ်လမ်းထဲမှာ ပါတဲ့ ဆင်တွေ၊ မြင်းတွေဆိုလည်း ပုဂံအထိ ခက်ခက်ခဲခဲ သယ်ယူပြီး ရိုက်ရတယ်။ ဒါတွေပြည့်စုံဖို့ ကျွန်တော်တို့ဘက်ကော ကိုရီးယားဘက်ကပါ လေးနှစ်လောက်ပြင်ဆင်ခဲ့ရတယ်။ တကယ်ရိုက်တော့ ၄၅ ရက်ပဲ ကြာပါတယ်။

ကျွန်တော်တို့ ဒီဇာတ်လမ်းကို ပြသတဲ့အခါမှာလည်း နိုင်ငံခြားသားတွေပါ ကြည့်နိုင်အောင် နှစ်မျိုးစီစဉ်ထားတယ်။ ကျွန်တော်တို့မြန်မာလူမျိုးတွေအတွက် 3D နဲ့ ပြသွားမယ်။ နိုင်ငံခြားသားတွေအတွက်က 2D နဲ့ပြပြီး အင်္ဂလိပ်စာတန်းထိုးပေးပြီး ပြသသွားမှာပါ။

**သရုပ်ဆောင် နိုင်းနိုင်း**

ကိုရီးယားတွေနဲ့ ရိုက်ရတာဆိုတော့ သူတို့မကြိုက်ရင် ပြန်ရိုက်တယ်။ မကြိုက်မချင်း ပြန်ရိုက်ပေးရတယ်။ သူတို့လိုချင်တဲ့ အနေအထားရအောင် တစ်ကတ်ကို အကြာကြီး ရိုက်ရတယ်။ သရုပ်ဆောင်ပိုင်းကတော့ ဘာမှသိပ်ခက်ခက်ခဲခဲ မရှိပါဘူး။ မြင်းစီးရတာ တစ်ခုပဲ။ မြင်းကတော့ အစ်ကိုတို့ မြန်မာနိုင်ငံမှာ ရိုက်ဖို့အဆင်မပြေဘူး။ ရုပ်ရှင်အတွက် သီးသန့်သင်ကြားထားတဲ့ မြင်းမရှိတော့ တော်တော်တော့ အခက်အခဲဖြစ်ခဲ့တယ်။ တစ်ခါမှလည်း အဲလိုမဝတ်ဖူး၊ မရိုက်ဖူးခဲ့ဘူးလေ။ တကယ့်ကိုယ့်နိုင်ငံရဲ့ အထင်ကရနေရာတွေကော တကယ့်သမိုင်းကြောင်းကိုကော ရိုက်ရတာဆိုတော့ တာဝန်တော့ကြီးတာပေါ့။ နောက် သူတို့လိုချင်တဲ့ပုံစံနဲ့မိအောင် စိတ်ကို တော်တော်လေး ထည့်ပြီး လုပ်ရတာ။ ဒါပေမယ့် အဲဒီအဝတ်အစားတွေ ဝတ်လိုက်တဲ့အခါမှာ စိတ်က သူ့အလိုလို စီးမျောသွားတာ။ အစ်ကို သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့တဲ့ နှစ်တွေလည်း မနည်းတော့ပါဘူး။ အစ်ကိုရိုက်တဲ့ကားတွေအကုန်လုံး ပရိသတ်တွေအတွက် အမြင်ဆန်းစေချင်တယ်။ အစ်ကိုရိုက်ခဲ့တဲ့ကားတွေနဲ့ မတူစေချင်တဲ့ စိတ်ဆန္ဒလေးလည်း ဖြစ်မိတယ်။ ထွက်လာတဲ့ ကားတွေကလည်း ပရိသတ်ကို အပြောင်းအလဲလေး ဖြစ်စေချင်တဲ့ စိတ်တွေနဲ့လုပ်နေပါတယ်။

**သရုပ်ဆောင် ဝါဆိုမိုးဦး**

လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ဒီကားရိုက်တယ်။ ကိုရီးယားတွေက ရိုက်တာဆိုတော့ အလွန်စည်းစနစ်ကျတယ်။ မရိုက်ခင် သုံးလလောက်ကို အစီအစဉ်တွေချတယ်။ ဝါဆိုတို့ မြန်မာနိုင်ငံအကြောင်းတွေကို သူတို့လေ့လာထားတယ်။ ဝါဆို ဝမ်းသာတာက ကိုယ့်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို တခမ်းတနားကို ငွေအင်အားသုံးပြီး ရိုက်ထားတာဆိုတော့ မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူပြီးတော့ ဒီဇာတ်ကားကို ကြည့်စေချင်တယ်။ ဝါဆိုက ဒီဇာတ်လမ်းထဲမှာ မဏိစန္ဒာနေရာက သရုပ်ဆောင်ထားတယ်။ မှတ်တမ်းကို ဦးစားပေးရိုက်တာဆိုတော့ အဓိကကတော့ မြန်မာနိုင်ငံမှာ မင်းမျိုးမင်းနွယ်တွေ အများကြီးရှိခဲ့တယ်။ ပြီးတော့ ပန်းပုတို့လို လက်မှုပညာတွေ မြန်မာမှာ ရှိတယ်ဆိုတာကို ပြသထားတာပါ။ ဝါဆိုကို အသိအမှတ်ပြုပေးတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။ ဝါဆိုကိုချစ်တဲ့ပရိသတ်တွေအတွက် ဝါဆို အမြဲတမ်းရှင်သန်ပြီးတော့ ကြိုးစားသွားမှာပါ။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ချစ်သူတွေဖြစ်နေကြောင်း သက်သေထူလိုက်တဲ့ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျေမီဖောက်ဇ်နဲ့ မင်းသမီးတစ်လက်ဖြစ်တဲ့ ကေတီဟုမ်းစ်တို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာ နှစ်နဲ့ချီခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦး ချစ်သူတွေအဖြစ် တွဲနေကြကြောင်းကို သက်သေပြပေးနိုင်မယ့် တိကျတဲ့အရာတစ်ခုကိုမှ မီဒီယာတွေက ဖမ်းဆုပ်နိုင်ခဲ့ခြင်းမရှိသလို ကာယကံရှင်တွေကလည်း ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ၎င်းကြယ်ပွင့်စုံတွဲရဲ့ အချစ်ဇာတ်လမ်းဟာ ဟောလိဝုဒ်မီဒီယာတွေကို ကာလအတော်ကြာ ဖမ်းစားထားနိုင်ခဲ့ပြီး လတ်တလောမှာတော့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြတယ်ဆိုတာကို သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်တို့ဟာ ကမ်းခြေကို အတူတူသွားရောက်လည်ပတ်ခဲ့ကြတာဖြစ်ပြီး မလီဘူးကမ်းခြေပေါ်မှာ လက်တွဲကာ လမ်းလျှောက်နေတဲ့ သူတို့နှစ်ဦးကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ယခုလို အများရှေ့မှောက်ပေါ်ထွက်လာကာ အတူလက်တွဲထားခဲ့ကြခြင်းက နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း သက်သေထူပေးခဲ့တာလို့လည်း ဆိုရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၄ ရက်မှာတော့ ကာလအတော်ကြာနှစ်ဦးအကြားက ဆက်ဆံရေးကို ဖုံးကွယ်ထားခဲ့တဲ့ ကြယ်ပွင့်စုံတွဲက ကမ်းခြေမှာ လက်တွဲကာ လမ်းလျှောက်ရင်း ဝန်ခံခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုကမ်းခြေမှာရှိနေစဉ် သူတို့နှစ်ဦး ဓာတ်ပုံအရိုက်ခံခဲ့ရတာကို သိပေမယ့်လည်း စိတ်အနှောင့်အယှက်ဖြစ်ပုံမရဘဲ အေးချမ်းပျော်ရွှင်စွာ အတူရှိနေခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခင်က ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်တို့ဟာ ချိန်းဆိုတွေ့ဆုံခဲ့ကြတာတွေရှိခဲ့ပေမယ့် အတူတွဲပြီး တွေ့ခဲ့ရတာမရှိပါဘူး။ သူတို့နှစ်ဦးကို ဟိုတယ်တစ်ခုအတွင်း တစ်နေရာစီတွေ့ခဲ့ရတာ၊ ဈေးဝယ်စင်တာတစ်ခုရဲ့ မနီးမဝေးမှာ တစ်နေရာစီမှာ တစ်ပြိုင်နက်တည်းလိုလို တွေ့ခဲ့ရတာမျိုးတွေရှိခဲ့ပေမယ့် အတူလက်တွဲထားတာ အလည်အပတ် ထွက်နေကြတာမျိုးကိုတော့ လတ်တလောမှာမှ ပထမဆုံးအကြိမ်အဖြစ် တွေ့မြင်ခဲ့ရတာလည်း ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# ချစ်သူအတွက်အချိန်ပေးဖို့ တေးအယ်လ်ဘမ်သစ် နှောင့်နှေးနေဦးမည်ဖြစ်

ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်က တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်သစ်ဟာတော့ ပရိသတ်အရှေ့အရောက်ပို့နိုင်ဖို့အရေး နှောင့်နှေးနေဦးမှာဖြစ်ပါတယ်။ အကြောင်းကတော့ သူဟာ ချစ်သူအတွက် အချိန်ပေးဖို့ရည်ရွယ်ထားတာဖြစ်ပြီး ပြီးခဲ့တဲ့လတွေအတွင်း နှစ်ဦးသားရဲ့ အနုပညာလှုပ်ရှားမှုတွေ များပြားလွန်းတာကြောင့် တစ်ဦးနဲ့တစ်ဦး အချိန်သိပ်မပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာတော့ ဆယ်လီနာအတွက် တေးအယ်လ်ဘမ်သစ်ထွက်ရှိရေးဟာ ဒုတိယမြောက် ဦးစားပေးအဆင့်မှာသာ ရှိနေတာဖြစ်ပြီး ချစ်သူအတွက်သာ အချိန်တွေကို ကုန်ဆုံးစေမှာဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာလည်း အလည်အပတ်ထွက်ခဲ့ကြတာတွေ့ရပြီး အတူရိုက်ကူးထားတဲ့ဓာတ်ပုံတွေဟာလည်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေခဲ့တာဖြစ်ပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း သူ့ရဲ့တေးသီချင်းသစ် "Fetish" ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းဟာ ဆယ်လီနာ နောက်ဆုံးထုတ်လွှင့်ထားတဲ့ တေးသီချင်းလည်း ဖြစ်ပါတယ်။ ဆယ်လီနာဟာ တေးအယ်လ်ဘမ်သစ် "Revival" အတွက် ပြင်ဆင်နေတာဖြစ်ပြီး တေးအယ်လ်ဘမ်မှာပါဝင်မယ့် နောက်ထပ်တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယို မရိုက်ကူးမီအချိန်အထိ သူ့ရဲ့အချိန်တွေကို ချစ်သူဖြစ်သူ အာရန်ဘီအဆိုတော် သယ်ဝိကန်းဒ်ဆီမှာသာ မြှုပ်နှံထားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ



ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်



ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိကန်းဒ်

● ● ● အေးပြည့်-စုစည်းသည် ● ● ●

# စာတတ်မြောက်ရေးရည်မှန်းချက်များကိုအမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်တို့ဖြင့် ကြိုးပမ်းအားထုတ်

**ပဲခူး စက်တင်ဘာ ၈**

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ် (၆) အခြေခံပညာအထက်တန်း ကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာ့ ကျောင်းသီချင်းဖြင့်လည်းကောင်း၊ အမှတ် (၁) အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ လေးများက ပန်းကလေးများလန်းစေမည်တေးသရုပ် ဖော်ဖြင့်လည်းကောင်း၊ အထက (ခွဲ)မြို့အနောက် (ခ) မှ ကျောင်းသား ကျောင်းသူများက အမှောင် ခွင်းစို့ တေးသရုပ်ဖော်ဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကအရေးအကြီးဆုံးအပိုင်းမှာ ပါဝင်ကြောင်း၊ စာတတ်မြောက်ခြင်းသည် လူသားအားလုံးအတွက် ပို၍ တည်တံ့ခိုင်မြဲသော အနာဂတ်ကိုတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ စာမဖတ်တတ်ခြင်း၊ စာမရေးတတ်ခြင်းတို့သည် လူ့အဖွဲ့အစည်း တစ်ခုလုံးကို အကြမ်းဖက်မှုနှင့် ပဋိပက္ခများဖြစ်ပေါ်စေသည့် အခြေအနေရှိခြင်းနှင့် ဆင်းရဲခြင်း၏ ကြောက်မက်ဖွယ်သော အဝန်းအဝိုင်းအတွင်း ပိတ်လှောင်ခြင်းခံထားရသကဲ့သို့ရှိနေကြောင်း၊ စာမတတ်ခြင်းသည် ပစ်ပယ်ခံရခြင်းတို့နှင့် ထပ်တူထပ်မျှရှိနေကြောင်း၊ လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံသည့် စာတတ်မြောက်ရေးသည် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျား၊ မ တန်းတူရည်တူခံစားခွင့် ပိုမိုပါဝင်နိုင်သော လူ့အဖွဲ့အစည်းများအတွက် အရေးပါကြောင်း၊ စာတတ်မြောက်ရေးရည်မှန်းချက်များကို အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်တို့ဖြင့် အမျိုးသားရေးတာဝန်အရ ညီညာဖြဖြ ကြိုးပမ်းအားထုတ်သွားကြရန် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အထက (၂) ကျောင်းသား ကျောင်းသူများက စာပေတန်ခိုးပြည့်ဖွံ့ဖြိုး တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ အထက (၃) ကျောင်းသား ကျောင်းသူများက လူတိုင်းအတွက်ပညာရေး တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ အထက (၆) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ညောင်လေးပင်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် ပြည်မြို့နယ်တို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဒေသခံလုပ်အားပေးများအပြင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ 'အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက' ဆိုသည့်အတိုင်း စာတတ်ရုံနဲ့ မတင်းတိမ်ဘဲ စိတ်ဓာတ်ရေးရာ၊ စည်းကမ်းသေဝပ်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတို့အတွက်လည်း အထူးပင်လိုအပ်သည်။ စာတတ်မြောက်မှုအခြေခံလုပ်ငန်းများ ပြီးမြောက်အောင်မြင်လာသည်နှင့်အမျှ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လူသားစွမ်းရည် မြှင့်တင်ရေးအတွက် စာတတ်မြောက်ရေးလုပ်ငန်းကို 'လူသားစွမ်းရည်မြင့်မားဖို့ စာတတ်မြောက်ရေးအားပေးစို့' ဆိုသည့် ဆောင်ပုဒ်အတိုင်း စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကင်းထောက်မောင်မယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# အထူးစီးပွားရေးဇုန်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးကော်မတီ၏(၂/ ၂၀၁၇) အစည်းအဝေးကျင်းပ

**မြဝတီ စက်တင်ဘာ ၈**

မြန်မာ-ထိုင်း၊ တာ့ခ်-မြဝတီ အထူးစီးပွားရေးဇုန် လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးကော်မတီ၏ (၂/ ၂၀၁၇) အစည်းအဝေးကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ City Home ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာနိုင်းကျလိန်းလစ်စင်္ဂနစ်စက်တို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားကြရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးက အခုဆွေးနွေးပွဲသည် ဒေသအတွင်း ဖြစ်ပေါ်နေမှုများကို တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဆွေးနွေးပြီး ဒေသတွင်းရှိသည့် ပြည်သူလူထုများ အနေဖြင့် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးကို အကျိုးပြုစေသည့်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာ့ခ်-မြဝတီ အထူးစီးပွားရေးဇုန်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးကော်မတီ၏ မြဝတီခရိုင်ဥက္ကဋ္ဌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဒေသနှစ်ခုအကြား ချစ်ကြည်ရင်းနှီးမှုကို ထိန်းထားနိုင်ကြောင်း၊ မြို့နှစ်မြို့အကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ချက်ကောင်းဖြင့် ဖွဲ့စည်းဆွေးနွေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ကုန်သွယ်မှုဆိုင်ရာများတွင် တရားဝင် လမ်းကြောင်းဖြစ်သည့် ချစ်ကြည်ရေးတံတားမှသာ တင်ပို့ရန်ကိစ္စများ၊ မြေပဲဆန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်ပို့ရာတွင် ဆောင်ရွက်ရမည့် ကိစ္စများ၊ ပြောင်းထွက်ရှိသည့် ကာလတွင် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့နိုင်ရန် ကိစ္စရပ်များ၊ အမှတ်(၁)ချစ်ကြည်ရေးတံတားအပေါ် မီးလင်းရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ အားကစားဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြန်မာ-ထိုင်း၊ တာ့ခ်-မြဝတီ အထူးစီးပွားရေးဇုန်လုပ်ငန်းဆိုင်ရာဆက်ဆံရေးကော်မတီ၏ နှစ်နိုင်ငံဥက္ကဋ္ဌများဖြစ်သည့် မြဝတီခရိုင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့်၊ တာ့ခ်ခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာနိုင်းစုထားစိုင်ဝါနစ်၊ နှစ်နိုင်ငံကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

■

# ကော့သောင်းမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၈**

လျှပ်စစ်စွမ်းအားသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းကဏ္ဍတိုင်းအတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်နှင့်အညီ လျှပ်စစ်ကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ဖွံ့ဖြိုးပြီးနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံမြို့ရွာများတွင်လည်း ဖြစ်ပေါ်ကြုံတွေ့နေသည်ကို အခါအားလျော်စွာ သတင်းမီဒီယာများ၌ တွေ့မြင်ဖတ်ရှုနေရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် မြို့နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစွာနေနိုင်ရေး ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးရည်ရွယ်ကာ လျှပ်စစ်ဓာတ်အားကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိကပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ၂၄ နာရီ ဖြန့်ဝေပေးလျက်ရှိရာ အဆိုပါဖြစ်စဉ်များ လျော့နည်းကျဆင်းရေး၊ မြို့နေ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးရည်ရွယ်၍ စက်တင်ဘာ ၇ ရက်က လျှပ်စစ်ဓာတ်အားလုပ်ငန်းဝန်ထမ်းများ မြို့အနှံ့ ပို့လွှတ်နေသည့် ဓာတ်အားလိုင်းများရှိ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်ကြိုးများအား လိုက်လံစစ်ဆေး ပြုပြင်လဲလှယ် တပ်ဆင်ခြင်း၊ ဆွေးမြည့်၍ အန္တရာယ်ဖြစ်နိုင်သည့် ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်း၊ လျှပ်စစ်ဓာတ်အား လျော့နည်းပျောက်ဆုံးမှု ကျဆင်းကာ အများပြည်သူ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေး၊ ဓာတ်အားလိုင်းကြိုးများနှင့်ထိငြိ၍ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေးဝဲ၊ ယာသစ်ပင်ကြီးများ အပါအဝင် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# အကြမ်းဖက်အဖွဲ့ဝင်များ ဝင်ရောက်မှုမရှိစေရန် စစ်ဆေး

**ပြည် စက်တင်ဘာ ၈**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားလာနိုင်သည့် သတင်းများအရ ပြည်သူများ ဘေးကင်းလုံခြုံရေး၊ ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့ဝင်များ ဝင်ရောက်မလာနိုင်ရေး၊ တုတ်၊ ဓား၊ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းမရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းအောင်တို့ဦးစီး၍ မြို့မရဲစခန်းနှင့် အမှတ် (၃) ရဲစခန်းတို့မှ ဒုတိယရဲမှူးများဦးစီးသောအဖွဲ့၊ လဝကဦးစီးမှူး ဦးဇော်ဇော်ဦး ဦးစီးသောအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်မြို့တည်ငြိမ်သာယာရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့် မိုးမေတ္တာလူမှုရေးအဖွဲ့တို့ ပူးပေါင်းကာ စက်တင်ဘာ ၇ ရက် ညပိုင်းမှ စတင်၍ ပြည်မြို့အနောက်ဘက် ရခိုင်ပြည်နယ်ဘက်အထွက် နဝဒေးတံတားထိပ်နှင့် မြို့အထွက်အရှေ့ဘက်တာဂွလမ်းဆုံတို့တွင် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များအားလုံး ရပ်တန့် ရှာဖွေစစ်ဆေးလျက်ရှိပြီး မြို့တွင်း၌လည်း သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့ဝင်များမှ လှည့်ကင်းများဖြင့် လှည့်လည်စစ်ဆေးကာ ပြည်သူများဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# ဖျာပုံ မြစ်ရေသန့်ရှင်းရေးဝိုင်းဝန်းဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ လိုလားလျက်ရှိ

**ဖျာပုံ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့သည် သန့်ရှင်းသည့် သောက်သုံးရေရှားပါးခက်ခဲခဲ့သည်မှာ နှစ်ရာချီရှိခဲ့ပြီဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီမှစ၍ JICA အကူအညီဖြင့် နိုင်ငံတကာအဆင့်မီ မြစ်ရေသန့် (သောက်ရေသန့်) အဖြစ်အသုံးပြုနိုင်သည့် မြစ်ရေသန့်ကို ဈေးနှုန်းချိုသာစွာဖြင့် မိသားစုအလိုက် လုံလောက်စွာသုံးစွဲနိုင်ပြီဖြစ်သည်။

မြစ်ရေသန့်ပြုလုပ်ရန်အတွက် ဖျာပုံမြို့ (၅) လမ်းနှင့် (၆) လမ်းကြားရှိ ရေစုကန်သို့ မြစ်ရေများစုပ်ယူတင်ပို့ပေးနိုင်ရန် ဖျာပုံမြစ်အတွင်း ပန်းခြံအနီးတွင် စက်ရုံတည်ဆောက်ထားရှိရာ အဆိုပါစက်ရုံ၏ ကိုက် ၅၀၀ ပတ်လည်တွင် ပြည်သူများမှ အညစ်အကြေးများ စွန့်ပစ်ခြင်း၊ မြစ်အတွင်း ရေယာဉ်များ အနေဖြင့် ကိုက် ၅၀၀ အကွာအဝေးမှ ဖြတ်သန်းမောင်းနှင်စေခြင်းနှင့် ကိုက် ၅၀၀ အတွင်း ရေယာဉ်များကျောက်ချရပ်နားခြင်းမပြုရန် မြစ်ရေသန့်စီမံချက်တွင် သတ်မှတ်ထားရှိကြောင်း မြို့နယ်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေသန့်သုံးစွဲသူ ပြည်သူများ ရေရှည်ကျန်းမာရေးအတွက် မြစ်ကမ်းဘေးတွင် နေထိုင်သူများနှင့် ဖျာပုံမြစ်အတွင်း ဖြတ်သန်းမောင်းနှင်နေကြသည့် ရေယာဉ်များ အနေဖြင့် သတ်မှတ်ဧရိယာအတွင်း အညစ်အကြေးစွန့်ပစ်ခြင်းများ၊ ရေယာဉ်ကြီးငယ်များ ကျောက်ချရပ်နားခြင်းမပြုလုပ်ရန် ပြည်သူများမှ လိုလားလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများကလည်း သတ်မှတ်ထားသည့် စည်းကမ်းများကို ထင်သာမြင်သာသည့်နေရာများတွင် ရေးဆွဲထားရှိပေးရန် ပြည်သူများက လိုလားလျက်ရှိနေကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှု ဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းပိုင်းဆိုင်ရာရှင်းလင်းဆွေးနွေး



လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ထားဝယ် စက်တင်ဘာ ၈**

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းပိုင်းဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတော်၏ အသက်ပင်ဖြစ်ကြောင်း၊ ဥပဒေအထက်မှာ မည်သူမျှမရှိသင့်ပါကြောင်း၊ အစိုးရ၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူနှင့်အစိုးရအကြား ပေါင်းကူးဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှ တိုင်းပြည်အေးချမ်းသာယာ တိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဖြည့်စွက်အမှာစကားပြောကြားပြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင် ဦးအောင်နိုင်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဖြည့်စွက်ဆွေးနွေးရာတွင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးကောင်းစံဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန်တို့က ဆွေးနွေးအကြံပြုကြသည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

## ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံ စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၈**

(၁၄) ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်များ ညီလာခံကိုလာမည့် စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းရုံး၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှသိရသည်။

စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သော ၎င်းသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော မြို့တော်ဝန်ဦးမောင်မောင်စိုးက ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံသည် နိုင်ငံအသီးသီးမှ တရုတ်ကုန်သည်များ တက်ရောက်ကြမည့်ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွက်လည်းအခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း၊ ယင်းညီလာခံသို့ စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၃၀၀၀ ကျော် တက်ရောက်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းအခွင့်အလမ်းကိုစနစ်တကျအသုံးချနိုင်ပါက အိမ်ရှင်မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းလိမ့်မည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါညီလာခံကို An Opening Economy A New Epoch in History ခေါင်းစဉ်ဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လမ်းသစ်များ တီထွင်ကြံဆကာ ဒေသအသီးသီးနှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးမဟာဗျူဟာကို ညှိနှိုင်းတိုင်ပင်ချမှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံကို နှစ်နှစ်တစ်ကြိမ်ကျင်းပလေ့ရှိပြီး ၁၉၉၁ ခုနှစ်က စင်ကာပူနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း ယခုအကြိမ်သည် မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**စောဝေယံ**



## ယာဉ်များကျော်တက်ရာတွင် အချက်ပြမီး ပြောင်းလဲကျင့်သုံးခြင်း အသိပညာပေး

**မန္တလေး စက်တင်ဘာ ၈**

ယာဉ်များတစ်စီးနှင့်တစ်စီးကျော်တက်နိုင်ကြောင်း အချက်ပြရာတွင် အချက်ပြမီးမှားယွင်းစွာ အသုံးပြုခြင်းကြောင့်ကျော်တက်ရာတွင် နားလည်မှုမှားယွင်း၍ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်သေဆုံးခြင်းများဖြစ်ပေါ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီအနေဖြင့် စက်တင်ဘာ ၆ ရက်က အသိပညာပေးလှုပ်ရှားမှုများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ မြို့ဝင်၊ မြို့ထွက်ဂိတ်များဖြစ်သော ရန်ကုန်-မန္တလေးအမြန်လမ်း(တံခွန်တိုင်ဂိတ်)၊ ရန်ကုန်-မန္တလေးလမ်းဟောင်း(မြစ်ငယ်ဂိတ်)၊ မန္တလေး-ပြင်ဦးလွင်လမ်း(၁၆မိုင်ဂိတ်)၊မန္တလေး-စစ်ကိုင်းလမ်း (ရွှေကြက်ယက်ဂိတ်)၊ မန္တလေး-မတ္တရာကားလမ်း(ရွှေကျင်ဂိတ်)တို့တွင် ပညာပေးလှုပ်ရှားမှုအနေဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာပိုစတာများဖြင့် အသိပညာပေးခြင်းများဆောင်ရွက်ကြသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ယာဉ်များကျော်တက်ရာတွင် အချက်ပြမီးအမှန်သို့ပြောင်းလဲကျင့်သုံးခြင်းအား အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များတွင်အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**ကျိုက်လတ် စက်တင်ဘာ ၈**

ကျေးလက်ဒေသနေ အမျိုးသမီးများ တစ်ဖက်တစ်လမ်းမှ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်သည့် အမျိုးသမီးစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျိုက်လတ်မြို့ရှိ အစိုးရစက်မှု လက်မှုသိပ္ပံကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းအား တာဝန်ခံဖွင့်လှစ်သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြီး သင်တန်းနည်းပြဆရာမ ဒေါ်ကြည်ကြည်ဆွေက စက်ချုပ်ပညာနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျေးလက်နေသင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တက်ဘာ ၄ ရက်မှ ၂၂ ရက်ထိ ဖြစ်ကြောင်းသိရသည်။

**သပြေထွန်း**

## မြန်မာဆယ်မာအူးလ် စီမံကိန်းဖြင့် ဆောက်လုပ်နေသည့် ကျေးရွာခန်းမအတွက်ငွေလှူဒါန်း

**ချောင်းဦး စက်တင်ဘာ ၈**

ချောင်းဦးမြို့နယ် ယာကြီးတောကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြန်မာဆယ်မာအူးလ် စီမံကိန်း (SMU) ၏ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍမှ အလျား ၆၅ ပေ၊ အနံပေ ၄၀၊ အမြင့် ၁၈ ပေဖြင့် RC တစ်ထပ်အမျိုးအစားဖြစ်သည့် ကျေးရွာခန်းမကို ငွေကျပ်သိန်း ၃၅၀ အကုန်အကျခံ ဆောက်လုပ်လျက်ရှိရာ SMU စီမံကိန်းမှ ငွေကျပ် ၂၇၉ သိန်း ထောက်ပံ့ပြီး ရေဦးမြို့မှ အလှူရှင် ဒေါက်တာအောင်ကျော်ဝင်း မိသားစု (အေးချမ်းသာဆေးရုံ) က ငွေကျပ်သိန်း ၂၀ ကို စက်တင်ဘာ ၅ ရက်က လှူဒါန်းကြောင်း သိရသည်။

ယာကြီးတောကျေးရွာတွင် ယခုနှစ် SMU စီမံကိန်းမှ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအနေဖြင့် ရွာလယ်လမ်းမကြီး တောင်မှ မြောက်သို့ အရှည် ပေ ၄၀၀၀ ရှိသည့် သံဆန်ခါကွက်၊ ကွန်ကရစ်တိုင်ဖြင့် ခြံစည်းရိုးကာရံခြင်း၊ ရေသန့်စက်မှ နေ့စဉ်သောက်ရေလီတာ ၂၀၀၀ ပေးဝေခြင်းနှင့် ကျေးရွာခန်းမ ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သတင်းတွေကို MDN မိုဘိုင်း app မှာ အချိန်နှင့်တစ်ပြေးညီဖတ်ရှုနိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၉**




သတင်းတွေကို အချိန်မှန်မှန်နဲ့ အစောဆုံးသိရှိနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စီစဉ် တင်ဆက်တဲ့ Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းကို ပြည်သူတွေအတွက် မိတ်ဆက်ပေးပါရစေ။ အက်ပလီကေးရှင်းကိုလည်း ပြည်သူတွေ အလွယ်တကူ အသုံးပြုနိုင်အောင် စီစဉ်ထားကြောင်း ဦးစွာ တင်ပြလိုပါတယ်။

မိုဘိုင်းဖုန်းတစ်လုံးနဲ့ အင်တာနက်ဒေတာရရှိတဲ့ နေရာတိုင်းကနေ လွယ်ကူစွာကြည့်ရှုနိုင်မှာဖြစ်သလို နိုင်ငံပိုင်သတင်းစာတွေကို နေ့စဉ် စောင့်ကြိုဖတ်ရှုနေသူများအတွက်လည်း မိုးရွာလို့ သတင်းစာရေစိုတာမျိုး၊ အချိန်နောက်ကျမှ သတင်းစာဖတ်ရတာမျိုးတွေကို Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းက ဖြေရှင်းလိုက်ပါပြီ။

ဒီအက်ပလီကေးရှင်းရဲ့ သတင်းစာဖတ်ရန်ကဏ္ဍမှာ မြန်မာ့အလင်း၊ ကြေးမုံနဲ့ Global New Light of Myanmar သတင်းစာတွေကို မနက်စောစောကတည်းက စတင်ဖတ်ရှုနိုင်ပြီး သတင်းစာမှ အချို့ထူးခြားသတင်းများကို PDF ပေါ်တွင် ကလစ်တစ်ချက်နှိပ်ရုံဖြင့် အရေးကြီးသတင်းတွေကို ရုပ်သံဖိုင်များနဲ့ပါ တစ်ပါတည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် သတင်းစာဖတ်ရန်ကဏ္ဍမှာ သတင်းစာတွေကို ၇ ရက်စာအထိ ပြန်လည်ဖတ်ရှုနိုင်မှာဖြစ်သလို မဖတ်လိုက်ရတဲ့ သတင်းစာတွေကို ရက်စွဲအလိုက် ပြန်လည်ရှာဖွေလိုသူများအတွက်လည်း လွယ်ကူအဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။

နောက်ဆုံးရသတင်းကဏ္ဍမှာ မြန်မာနဲ့ ကမ္ဘာအရပ်ရပ်ရှိ နောက်ဆုံးရသတင်း ပြည်တွင်းပြည်ပသတင်းတွေ၊ ဖျော်ဖြေရေးသတင်း၊ မိုးလေဝသသတင်း၊ ဒေါ်လာဈေးနှင့် ငွေလဲလှယ်နှုန်းများနဲ့ အားကစားသတင်းတွေကို ရုပ်သံဖိုင်များ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားပါတယ်။ အင်္ဂလိပ်သတင်းကဏ္ဍမှာလည်း နိုင်ငံတကာသတင်းနဲ့ ပြည်တွင်းသတင်းတွေကို E-version အနေနဲ့ အချိန်နဲ့တစ်ပြေးညီ တင်ဆက်ပေးထားတဲ့အပြင် ရုပ်သံကဏ္ဍမှာလည်း သီးခြားရုပ်သံ အင်တာဗျူးများကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင်"သွားမယ်၊ စားမယ်" စီစဉ်ထားသူတွေအတွက် စားသောက်ဆိုင်တွေနဲ့ အစားအသောက်တွေအကြောင်းနဲ့ စုံလင်စွာညွှန်းဆိုမိတ်ဆက်ပေးထားတဲ့ ဖလစ်ပ်ဘုတ်ကဏ္ဍကိုလည်း ထည့်သွင်းပေးထားပါတယ်။

Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းကို စာဖတ်ပရိသတ်များ လွယ်ကူစွာအသုံးပြုနိုင်ရန် ယူနီကုတ်ဗားရှင်း(Unicode Version)နှင့် ဇော်ဂျီဗားရှင်း(Zawgi Version)စနစ်များပါ ထည့်သွင်းထားပါတယ်။ Android ဖုန်းများအတွက် ကို http://bit.ly/MDNAndroid နဲ့ iOS အတွက် http://bit.ly/MDNmobile (iOS) တို့မှာ ဒေါင်းလုပ်ရယူနိုင်မှာဖြစ်ပြီး မကြာမီမှာလည်း News Portal အကြောင်း ထပ်မံမိတ်ဆက်ပေးဦးမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ဖြိုးစန္ဒာ**(MDN)

သီတင်းကျွတ်ပိတ်ရက်ရှည် အထူးခရီးစဉ်များ
PAN THU KHA Travels & Tours Co., Ltd.
ဗီယက်နမ် (ဟနွိုင်း ဟာလောင်းဘေး) ---(4 - 7 October / 440 USD)
(Halong Bay Cruise ... One Pillar Pagoda၊ Hoan Kiem Lake နှင့် The Huc Bridge၊ Old Quarter City Center)
ကမ္ဘောဒီးယား ... ---(4 - 8 October / 590 USD)
(... Dream World၊ Snow Town၊ Khmer Palace၊ Tonle Sap Lake၊ Apsara Dance Show ... Angkor Thom Temple၊ Ta Prohm Temple၊ Phnom Bakheng Hill)
ထိုင်းနိုင်ငံ ... ---(4 - 8 October / 520 USD)
(... Madam Tussauds၊ Siam Ocean World၊ Ayutthaya၊ Frost Ice Siam Safari World၊ Dream World၊ Art In Paradise၊ Coral Island၊ Nong Nooch ...)
(Flight 5 - 8 Oct / 500,000) | Express 4 - 8 Oct / 250,000)
HotLine 09 509 5586 09 250 403050
Visit our Facebook Page - "Pan Thu Kha Myanmar"

သန်းဓမ္မနှင့်ရောင်းရင်းများ ... သီတင်းကျွတ်ဘုရားဖူး
Sep 22, 29, Oct 3
Oct 3
Ph: 01-380141, 01-241863, 09-43043109, 09-73251422

PANDA Engineering Group Since 1999
> Air-Con ...
> ... Air-Con ...
09 515 8803, 09 732 29024, 09 253 582510

ASIA KING
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-778585912, 09-43114301

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

ပန်း ထိုး ဝက်
Ph: 563033, 0973191322

Kan Tun Thit Trading (ဝန်ထမ်းအလိုရှိသည်)
1. Sale Promoter F(3) P
2. Sales Executive F(3) P
Ph:09-258886868

ဗမာ့ထိပ်တန်း စာချုပ်စာတမ်း ဝန်ဆောင်မှု
• ... GP/SP၊
Ph- 09 5174628, 09 5164992

Visit
The 4th International Processing & Packaging Exhibition for Myanmar
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ထုတ်လုပ်ခြင်း နှင့် ထုတ်ပိုးခြင်းဆိုင်ရာ ပြပွဲ
PROPAK MYANMAR 2017
21-23 SEPTEMBER
MEP at Mindama
Yangon (9.00-17.00 Hrs.)
Including: Over 200 Exhibitors from 13 countries
4 International Pavilions from Italy, Singapore, Taiwan and Thailand
Industry Conferences & Seminars
DRINKTECH MYANMAR 2017 INGREDIENTS MYANMAR 2017 PLASPAK MYANMAR 2017
Pre-register at
Information Hotline Contact: U Htet Wai Zaw
Tel: +95-1 513 515-519,
Email: marketing@informationmatrix.com
www.propakmyanmar.com



"Singapore ... Quality ..."
GOLDEN EDEN SLEEP SOLUTIONS
Kaday Myaing Co.,Ltd.
Shop 1 : No.31, Room -5, Sabai Street, Near Aung Mingalar Bus Stop, Near Yuzana Plaza . Ph : 01-203671 , 01-205756, 09-73162982
Shop 2 : No. (N-1) , Ground Floor , Yuzana Plaza, Entrance Between 25-27.
Shop 3 : No.241 , Capital Hypermarket New Extension , 2nd Floor, Tharkayta Tsp.



မကြွေသောပန်း
09-258022220
09-250499979
09-73209992
09-254449533
"ရွှေစည်"
09-73122029,09-795689534

S.S.
(Science Sholarship)
Leader - S.S. Top Thein Wai

ဦးသာချင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP

KEMBANGAN GROUP OF MEDICAL CENTRES
Vitiligo
Severe Acne
Psoriasis
Eczema
Excimer Laser ...
Kembangan Group Of Medical Centres facebook ... Like ...
Kembangan Group of Medical Centres 09 772 458 611 , 09 448 026 197
Kembangan-thuwunna 09 778 527 793 , 09 778 527 794
Kembangan Mandalay 09 962 565 562 , 09 962 565 561



**ရန်ကုန်မြို့ လှိုင်မြို့နယ်၊ သုခလမ်းနှင့် (၅၂) လမ်းထိပ်၊ (၆) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ် (၅၀/၁)၊ အမှတ် (၁၈၈/A) ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်အဆောက်အအုံ၏ ပထမထပ်(ဝဲဘက်) တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန် ရှိ–မရှိ အများသိစေရန် ကြေညာခြင်း**

အထက်လိပ်စာပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးဝင်း[၁၂/လမန(နိုင်)၀၄၅၈၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ယဉ်ယဉ်ထွန်း(LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၄၃၅၁၉)
အခန်း (၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံဘုရားလမ်း၊
(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၇၃၁၄၈၁၉၀၊ ၀၉-၇၉၁၂၅၈၇၉၈










STAR CITY
( သီးသန့် )
ရောင်း / ဝယ် / ငှား
09 - 540 - 2880

စာအုပ်စာပေ
လှူမိတ်ဆွေ


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN LEADER V.15 သင်္ဘောသည် ၁၂-၉-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGNIAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန်အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V L LEADER V.14သင်္ဘောသည် ၁၃-၉-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGNIAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

Vol.2 No-35

## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

### (၉ - ၉ - ၂၀၁၇ မှ ၁၅ - ၉ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

























| | | | |
|---|---|---|---|
| 5 ကာတွန်း | **The Lorax** 9:00 PM , 12.9.17(Tue) | 5 SPECIAL | **ပဟေဠိစံအိမ်** 8:00 PM, 9.9.17 (Sat, Sun) |
| 5 SERIES | **ချစ်မေတ္တာတို့ဆုံညီရာ** 8:00 PM, (Mon to Thurs) | 5 MOVIES | **Life** 7:50 PM, 10-Sep-17 (Sun) |

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။




## အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handphone ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV , DVD , EVD ပြုပြင်သင်တန်း
4. ...
5. ...
6. ... Electrical Control သင်တန်း
7. ...
8. ...
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ... သင်တန်း (3G, 4G, 3F, 4F)
14. ...
15. Marine Electrical / Fitter / Welding သင်တန်းများ

ထူးခြားမှုများ

GLORY 09-73121717,09-5197817 www.glory-education.com




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂J၊ မြေကွက်အမှတ်- ပဥ္စမတန်းစား-၅၁၊ မြေကွက်တည်နေရာအမှတ်-၁၅၊ အောက်မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (U Myint Thein)၊ အမည်ပေါက်နှစ် (၉၀)ရန်မြေအား အမည်ပေါက် U Myint Thein ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၃၇၀/၈၇ (၇-၆-၈၉)အရ ဒေါ်စိန်ရီမှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်-၇၃၂၄/၁၁(၁၈-၁၁-၁၁)အရ ဦးတင်ရီ၊ ဒေါ်စန်းရီ၊ ဒေါ်မြမြအေး၊ ဒေါ်စန်းကြည်တို့မှ ပိုင်ဆိုင်လာပြီး ၎င်းတို့၏ မိဘများဖြစ်ကြသော ဦးတင်မောင် (ဖခင်)နှင့် ဒေါ်သန်းကြည်(ခ)ဒေါ်ရှမ်းမ (မိခင်)တို့တွင် ဒေါ်စန်းမြင့်၊ ဦးတင်ရီ၊ ဒေါ်စန်းကြည်၊ ဒေါ်စန်းရီ၊ ဒေါ်မြမြအေး မောင်နှမ(၅)ဦးမွေးဖွားခဲ့ကြောင်း ၎င်းတို့အနက် မြေကွက်အား ပိုင်ဆိုင်သူ ဒေါ်စန်းရီ (အပျို)၊ ဒေါ်မြမြအေး (အပျို)နှင့် ၎င်းတို့၏ အစ်မကြီး ဒေါ်စန်းမြင့်နှင့် ခင်ပွန်းဦးသန်းညွှန့်တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်စန်းမြင့်၏ အစုအတွက်သားသမီးများဖြစ်ကြသော ဒေါ်သန်းသန်းရီ [၁၂/ဗဟန(နိုင်)၀၀၀၁၉၄]၊ ဒေါ်မိုးမိုးအေး (၅/ကလတ(နိုင်) ၀၃၄၉၇၇)၊ ဦးရဲနိုညွှန့်[၁၂/ဗဟန (နိုင်)၀၀၀၁၉၅]၊ ဦးကျော်ထွေးညွှန့်[၅/ကလတ(နိုင်)၀၆၄၈၄၄]တို့(၄)ဦးနှင့် ပူးတွဲပိုင်ဆိုင်သူ ဦးတင်ရီ[၁၂/ မဂတ(နိုင်)၀၄၆၉၉၈]၊ ဒေါ်စန်းကြည်[၁၂/မဂတ(နိုင်)၀၄၆၉၉၉]တို့ပူးတွဲ၍ အစ်ကို၊ ညီမ၊ တူ၊ တူမများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၃၃၃၄/၁၇(၂၇-၂-၂၀၁၇)ထပ်ဆင့်ကျမ်းကျိန်လွှာနှင့် ဂရန်မူရင်းတို့တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ထွန်းအရှေ့ ဆေးတိုက်
ခေတ်မီမြေအောက်ရေတွင်း
09 4200 35882
09 4200 35884

သာလွန်ကျော်
09-420780797
09-254285314

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

JINTONG Mosquito-Repellent Incense Product Co.,Ltd မှ ...

| Sr.No | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Shwegalay Mosquito Coil | d-Transallethrin 0.24 % | Provisional | P2017-3821 |
| 2 | Shwegalay Mosquito Aerosol | d-Transallethrin 0.1 % +Pemethrin 0.2 + Pamlethrin 0.08 % | Provisional | P2017-3822 |
| 3 | Jintong (1) Mosquito Coil | d-Transallethrin 0.3 | Provisional | P2017-3823 |
| 4 | Jintong (2) Mosquito Coil | Meperfluthrin 0.04% | Provisional | P2017-3824 |

မှူး ယစ် ကင်း စင် အ လှ ဆင်

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၉-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သော ချစ်ဇနီး မမြူအိအိမောင် (Saw Bwar Lay Co., Ltd - Driector) မွေးနေ့ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် လိုအပ်ဆန္ဒပြည့်စုံပြီး ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျ၍ ပျော်ရွှင်သောမိသားစုဘဝလေး ထာဝရဖြတ်သန်းနိုင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း ဦးအောင်ဇော်ဝင်း Lifestyle Co., Ltd (MD)
ချစ်သားလေး အောင်စော်ဘွား (ILBC,Grade V)
ချစ်သမီးလေး မေဝတီအောင်ဇော် (ILBC,Grade II)

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဝန်ထမ်းများအပေါ် မိသားစုနှင့် ထပ်တူထပ်မျှဆက်ဆံသော မမြူအိအိမောင် Lifestyle Co., Ltd ၏ ၉-၉-၂၀၁၇ ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်သောမိသားစုနှင့် ထောင်မြင့်ကျော်ကြားသောလုပ်ငန်းများပိုင်ဆိုင်ပြီး နိုင်ငံအကျိုး သာသနာ့အကျိုး သယ်ပိုးနိုင်သူဖြစ်ပါစေ၊ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်သူဖြစ်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Lifestyle** ကိုမိုးယားပါကေးနှင့် နေပြည်တော်ဇော်ဘွားလေးဝန်ထမ်းမိသားစု
ရန်ကုန်ဝန်ထမ်းမိသားစု၊
နေပြည်တော်ဝန်ထမ်းမိသားစု၊
တောင်ကြီးဝန်ထမ်းမိသားစု။

**ကား** မှီးစုံ
Alphard, Hiace
Ph: 09795549249, 095418126
09-795546884

**လူထု**
Steel Structure
Ph: 09-5031107, 09-5028986,
09-5008411

## ဒါနပြုလိုသူများ လှူနိုင်ရန်အတွက်

= 1500 Ks

MIZO
01-430916 / 09 5141086 / 09 427523311
02-78983, 80181 / 09 6800559

## Mingalar Cinemas

www.facebook.com/mingalarcinemas

| | | | |
|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ |
| မင်္ဂလာဝင်းမွန် | မင်္ဂလာ ကမ်းနား | မင်္ဂလာထွန်းသီရိ | မင်္ဂလာ ICON Mall - ဗဒ္ဓ |
| ဝင်းလိုက် | မြို့မ | မင်္ဂလာ မန်းနေပြည်တော် | မင်္ဂလာစံပြ |
| NEW 3D Cinema | | | |

ကြိုတင်လက်မှတ်ရောင်းပြီ




## Say Hello to Thadingyut Promotion & 32 Anniversary Special Shock !

Sein Gay Har

Say Hello to ..
Thadingyut Promotion
1.9.2017 to 14.9.2017



Up to 70% Off +

LED TVလက်ဆောင်

ရရှိနိုင်မည့်အထူးအခွင့်အရေး

လစဉ်သောင်းဂဏန်းပေးရုံဖြင့် Electronic ပစ္စည်းများဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် ၄၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
☎ 09 , 420068352 , 788124737

### Customer Choice Item




# Get 1 Chance For Every 8000Ks Purchase.Terms & Condition Applied!

သီတဂူ စူရှုပြည့်တိုက်၊ စေတနာဦးနုစေတီ ကုသိုလ်ကံ စက်တင်ဘာလ ၁၆၊ ၁၇ (၁၃) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပဒေသာ

စက်တင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ စက်တင်ဘာလ ၁၆၊ ၁၇ ရက်များတွင် ၈၃-ကြိမ်မြောက် ဦးရေ (၁၅၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိတစ်ဖက် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူလို ကြောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူ စူရှုပြည့်တိုက်၊ စေတနာဦးနုစေတီ ... ဖုန်း - ၀၁-၅၅၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ငွေလွှဲပို့ရန်ဘဏ် - အေဂျီဘဏ် (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

SCN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2017 မှ 30.9.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားထိုးရွှေအသေစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၃၄၆၀၀၀၊ ၃၄၉၃၁၀၂ ၁၂၄၀၀၀
PH: ၀၉-၄၄၃၀၁၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၂






### Cassette
Panasonic Cassette type are suitable for commercial applications such as restaurants, hotels and offices. It has four vanes for 4-way direction airflow, thereby providing wide and even cooling.



### Ceiling
Panasonic ceiling types are suitable for shopping centers, restaurants and offices. These air conditioners offer installation flexibility thanks to its slim and light indoor unit.



### Hide-Away
Panasonic hide-away types are available in middle static pressure power. These air conditioners are suitable for applications in concealed or false ceilings such as business centers.

**Yangon Showroom**
G-15, Tower D, Pearl Condominium, Kabar Aye Pagoda Road, Bahan Township, Yangon. Tel: 01-8604657.

**Mandalay Showroom**
No.647, Corner of 36th and 78th Street, Mahar Aung Myae Township, Hay Ma Marlar North Quarter, Mandalay. Tel: 02-60488.

http://www.panasonic.com/mm/

ဆရာငွေ နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
Ph: 01-375970, 0951 72096, 09254541441

တရုတ်
Sayar Yang
ENGLISH
Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 420230133

MBA
BBA . EMBA . PhD

- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Weekend Classes (Once in every 6 weeks Only)
- Awarded by Asia e University, Malaysia, recognized by 35 ACD Countries
- Education Loan from CB BANK Available

START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK300,000!
09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

AIT
Asian Institute of Technology
APPLY FOR
OCTOBER INTAKE (YANGON) NOW!

MPM
Professional Master's Program
Project Management in Construction
ဆက်သွယ်ရန်
(Program Partner)
09 785 157 276
unetwork2006@gmail.com


တောင်တန်းဒေသတွေအထိ
ဖြန့်ကြက်ထားတဲ့
မြန်မာ့အမြန်ဆုံးကွန်ရက်
ooredoo
ooredoo






## မျိုးချစ်အာဂနည်
## ဦးဝိစာရ
မင်းပုည
တန်ဖိုး-၂၀၀၀ ကျပ်



## သာသနာ့ဒါယကာ
## မင်းမြတ်အနော်ရထာ
မင်းပုည
တန်ဖိုး-၂၀၀၀ ကျပ်



## သုဝဏ္ဏဘူမိသမိုင်းစဉ်ထဲက
## မင်းမြတ်မနူဟာ
နေစိုးထက်
ထွက်ပြီ
တန်ဖိုး-၁၅၀၀ ကျပ်

အားမာန်သစ်စာပေ - ၀၉-၇၃၀၄၁၀၇၈၊ ၀၁-၃၉၄၆၈၅

### ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ ကွင်းကောက်၊ အထက်တန်းကျောင်း ဒသမတန်း(D)တွင် ပညာသင်ကြားနေသော မောင်ခန့်ဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဖုန်းနိုင်ဖြစ်ပါကြောင်း။

**ဦးကျော်ဖုန်းနိုင်**

### အမည်ပြောင်း

